# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ(၆၅)၊ အမှတ်(၂၈၀)




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နားရန် နေရာအသစ်တည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် ဖွင့်ပွဲအခမ်းအနားကျင်းပ

## အနီးစခန်းလေဆိပ်သည် ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် လေဆိပ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာနိုင်တော့မည်

နေပြည်တော် ဇူလိုင် ၁၁

ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ အဆင့်မြှင့်တင် တည်ဆောက်ပြီးစီးခဲ့သည့် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ ❖


## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်းများ ထုတ်ပေးမည့်အစီအစဉ် ကြေညာခြင်း

၁။ ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို Online မှ ကြိုတင်လျှောက်ထားသည့် စနစ်ဖြင့် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ ၁၄-၇-၂၀၂၆ ရက်နေ့ (အင်္ဂါနေ့) မှစတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ DME Online Service Portal ဖြစ်သော https://osp.dme.gov.mm တွင် ကြိုတင်ရက်ချိန်းရယူလျှောက်ထားနိုင်ပါမည်။

၂။ အဆိုပါ အမှတ်စာရင်းများကို ၁၆-၇-၂၀၂၆ ရက်နေ့ (ကြာသပတေးနေ့)မှ စတင်၍ မိမိလျှောက်ထားခဲ့သည့် **မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန (ရုံးချုပ်)၊ ရုံးအမှတ် (၅၂)၊ နေပြည်တော်** (သို့မဟုတ်) **မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန(ရုံးခွဲ)၊ (၁၂)ရပ်ကွက်၊ ပါရမီလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့**တို့တွင် DME Online Service Portal က ထုတ်ပေးသည့် QR Code နှင့် လုပ်ငန်းစဉ်နံပါတ်ပြသ၍ လာရောက်လျှောက်ထားထုတ်ယူရပါမည်။

၃။ လာရောက်ထုတ်ယူရန် အခက်အခဲရှိသူများအနေဖြင့် DME Online Service Portal တွင် လျှောက်ထားပါက မြန်မာ့စာတိုက်လုပ်ငန်း၏ စာပို့စနစ်ဖြင့် ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

### ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ထိုင်း-မြန်မာနယ်စပ် မောတောင်မြို့သို့ ဌာနဆိုင်ရာဝန်ထမ်းများရောက်ရှိ ဒေသခံများကြိုဆို

မောတောင် ဇူလိုင် ၁၁

တနင်္သာရီတိုင်းဒေသကြီး ထိုင်း-မြန်မာနယ်စပ်ရှိ မောတောင်မြို့သို့ တာဝန်ထမ်းဆောင်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက ရောက်ရှိခဲ့ကြောင်း သိရသည်။

ထိုသို့ ရောက်ရှိလာသော ဌာနဆိုင်ရာဝန်ထမ်း ၅၄ ဦးအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇေယျာထွေး ဦးဆောင်ကာ မောတောင်နယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ဝေလှိုင်စိုး၏ ကြီးကြပ်မှုဖြင့်


စာမျက်နှာ ၄ ကော်လံ ၁ ❑




## အနီးစခန်းလေဆိပ်သစ် ဖွင့်လှစ်၍ လေကြောင်းလိုင်းများ စတင်ပျံသန်းပြေးဆွဲ

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဒေသတွင်း ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့် စီးပွားရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသစ်တည်ဆောက်ပြီးစီးခဲ့သော အနီးစခန်းလေဆိပ်ကို ယနေ့တွင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးပြီး ယနေ့၌ပင် မြန်မာအမျိုးသား


စာမျက်နှာ ၄ ကော်လံ ၁ ❍


## အာရှ-ပစိဖိတ် ဒေသအပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ စခန်းချတွေ့ဆုံပွဲ (၂၀၂၆)သို့ မြန်မာကျောင်းသားလူငယ်အဖွဲ့ တက်ရောက်မည်

ရန်ကုန် ဇူလိုင် ၁၁

ဂျပန်နိုင်ငံ ဖူကူအိုကာမြို့အခြေစိုက် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာကွန်ဗင်းရှင်းက ဦးစီး၍ ဖူကူအိုကာမြို့တွင် ဇူလိုင် ၁၂ ရက် မှ ၂၀ ရက်အထိကျင်းပမည့် (၃၈) နှစ်မြောက် နွေရာသီအပြည်ပြည်ဆိုင်ရာ ကျောင်းသားလူငယ်များ စခန်းချတွေ့ဆုံပွဲ (BRIDGE Summer Camp - 2026 ) Junior Ambassadors- JAs အဖြစ် ပါဝင်တက်ရောက်ရန် မြန်မာ-ဂျပန်ချစ်ကြည်ရေးအသင်း (MJA) မှ ဦးစီးရွေးချယ်လေ့ကျင့်ပေးထားသည့် အခြေခံပညာ ကျောင်းသား ကျောင်းသူ လူငယ်ခြောက်ဦးနှင့် ယခုနှစ်အတွက် Peace Ambassador- PA အဖြစ် တက်ရောက်ခွင့်ရရှိထားသည့် အမျိုးသမီးလူငယ် တစ်ဦးသည် MJA မှ ဗဟိုအလုပ်အမှုဆောင် ဦးသန်းထွဋ် အုပ်ချုပ်သူအဖြစ် ဦးစီးလိုက်ပါ၍ ရန်ကုန်မြို့မှ ယနေ့ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။


စာမျက်နှာ ၄ ကော်လံ ၁ ❂


### ယနေ့ ဖတ် စ ရာ

**မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ် မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း (၁)**


ဆောင်းပါး ➤ ၁၀


**မလေးရှားနှင့်ထိုင်း နယ်ပယ်စုံပူးပေါင်း ဆောင်ရွက်မှု တိုးမြှင့်ရန် သဘောတူ**


နိုင်ငံတကာသတင်း ➤ ၁၄


**မြန်မာ့အလုပ်သမားထု သတိပြုဆင်ခြင်နိုင်ကြစေဖို့ ...**


ဆောင်းပါး ➤ ၁၆






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနီးစခန်းလေဆိပ် အဆောက်အအုံအသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

❖ရှေ့ဖုံးမှ

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည် အခမ်းအနားကျင်းပမည့် အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား ကျောင်းသူ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအက အဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး**

ယင်းနောက် နိုင်ငံတော်သမ္မတက အနီးစခန်းလေဆိပ် အဆောက်အအုံအသစ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အနီးစခန်းလေဆိပ်ဖွင့်ပွဲ အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယအပိုင်းကို လေဆိပ်အဆောက်အအုံအသစ် ပထမထပ်၌ ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ယနေ့သည် ပြည်တွင်း၊ ပြည်ပ ခရီးသွားလုပ်ငန်းအတွက် အထင်ကရဖြစ်ပြီး အေးချမ်းသာယာသည့်ပန်းမြို့တော်ပြင်ဦးလွင်၏ သမိုင်းတွင် စာမျက်နှာသစ်တစ်ခု ဖွင့်လှစ်နိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ အနီးစခန်းလေဆိပ် ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်၏လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့အတွက်ပါအရေးပါသည့် ကြိုးပမ်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုလည်းဖြစ်ကြောင်း။

အနီးစခန်း လေဆိပ်သည် လွတ်လပ်ရေး မရမီကာလကတည်းက ဖောက်လုပ်တည်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသော လေဆိပ်တစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ဒါကိုတာလေယာဉ်များ၊ တပ်မတော်(လေ)မှ ဖော်ကာအက်ဖ်-၂၇ လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲ အသုံးပြုခဲ့ကြောင်း၊ ယခင်က လေယာဉ်ပြေးလမ်း အလျား ပေ ၄၄၅၀ နှင့် အကျယ် ပေ ၂၀၀ ရှိသည့် ကျောက်ရောမြေကြီးကွင်း တစ်ခုသာဖြစ်ခဲ့

> ❍ **အနီးစခန်းလေဆိပ် ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်၏လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးတို့အတွက်ပါ အရေးပါသည့် ကြိုးပမ်းဆောင်ရွက်မှု မှတ်တိုင်တစ်ခုလည်းဖြစ်**
>
> ❍ **လက်ရှိတွင် ရွေးကောက်တင်မြှောက်ခံရပြီး တာဝန်ယူနေသည့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက် ဖြည့်ဆည်းတည်ဆောက်လျက်ရှိ**

ကြောင်း။

၂၀၀၄ ခုနှစ်တွင် မူလ လေယာဉ်ပြေးလမ်းကို အလျားပေ တစ်သောင်းအထိ ရရှိရေး အတွက် တစ်ဆက်တည်းရှိနေသည့် မြောက်ဘက်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ကွန်ကရစ်ခင်း လေယာဉ်ရပ်နားနေရာကိုလည်း အလျား ပေ ၆၀၀ ၊ အနံ ပေ ၃၀၀ တည်ဆောက်ခဲ့ရာ ၂၀၀၆ ခုနှစ်၌ ပြီးစီးခဲ့ပြီးဖြစ်သည့်အတွက် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဆင်းသက် အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း။

လက်ရှိတွင် ရွေးကောက်တင်မြှောက်ခံရပြီး တာဝန်ယူနေသည့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက်ဖြည့်ဆည်းတည်ဆောက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ ဖြည့်ဆည်းတည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် လေကြောင်း ပို့ဆောင်ရေးကဏ္ဍကို ဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့်လည်း လေဆိပ်များ အပါအဝင် အခြေခံ အဆောက်အအုံများ တိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်းစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

**လေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည်**

လက်ရှိမြန်မာနိုင်ငံတွင် ပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် ပြည်တွင်းလေဆိပ် ၂၈ ခု ရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အနီးစခန်းလေဆိပ်သည် ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် လေဆိပ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၀၀ ကျော်တွင် တည်ရှိကြောင်း၊ တစ်နှစ်ပတ်လုံး သင့်တင့်မျှတသည့် ရာသီဥတုရှိပြီး ပန်းမန်များ ဖူးပွင့်ဝေဆာကာ သာယာလှပသည့် မြို့ဖြစ်ကြောင်း၊ ထို့အပြင် သဘာဝက ဖန်တီးပေးထားသည့် အပန်းဖြေစခန်းများ တည်ရှိပြီး ရှေးဟောင်းဗိသုကာပညာလက်ရာများကိုပါ တွေ့မြင်ခံစားနိုင်သောကြောင့် ခေတ်အဆက်ဆက် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအကြား စိတ်ပါဝင်စားမှုများပြီး အထင်ကရကျော်ကြားခဲ့ကြောင်း၊ ပြင်ဦးလွင်ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ပညာရေးမြို့တော် စသည်ဖြင့် မျှော်မှန်းပြီး နိုင်ငံ့ဂုဏ်ဆောင် မြို့ကြီးတစ်ခုအဖြစ် တည်ဆောက်နေကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့**

ထိုသို့ ဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ခရီးသည် ၁၀၀၀၀၀ ဝင်/ထွက် အသုံးပြုနိုင်သည့် အလျား ပေ ၁၂၀ ၊ အနံ ပေ ၈၀ ရှိ steel structure နှစ်ထပ်လေဆိပ်အဆောက်အအုံသစ်ကိုတည်ဆောက်ခဲ့ကြောင်း၊ Boeing 737-800 တို့ကဲ့သို့လေယာဉ်အမျိုးအစားသုံးစင်းတစ်ပြိုင်တည်း ရပ်နားအသုံးပြုနိုင်စေရန် အလျား ပေ ၆၀၀၊ အနံ ပေ ၅၅၀ အထိ တိုးချဲ့ထားသည့် လေယာဉ်ရပ်နားနေရာ၊ အလျား ပေ ၃၀ ၊ အနံ ပေ ၂၀ နှင့် အမြင့် ၅၆ ပေရှိ လေကြောင်းထိန်းမျှော်စင်သစ်တို့ကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့အပြင် လေယာဉ်ဆင်းသက်မှုအထောက်အကူပြု လမ်းညွှန်စက်များ၊ လေယာဉ်ပြေးလမ်း လျှပ်စစ်မီးစနစ်များနှင့် လေယာဉ်ရောက်ရှိနေရာပြ လေကြောင်းလမ်းညွှန်စက်များကိုပါ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပို့ဆောင်ရေး ဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးဌာန၊ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးတို့ကို ဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

အထူးသဖြင့် အနီးစခန်းလေဆိပ်သည် ပြင်ဦးလွင်ဒေသ၏ ခရီးသွားကဏ္ဍ တစ်ခုတည်းအတွက် သာမကဘဲ နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector) ကိုပါ တိုးတက်မြင့်မားရေးအတွက် ဗဟိုချက်မဖြစ်သည့် **"ရတနာပုံ ဆိုက်ဘာစီးတီး"** ကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုအဖြစ် ပေါ်ထွန်းလာစေရေး ရည်ရွယ်ဆောင်ရွက်ရာတွင် အဓိကကျသည့် လေကြောင်းဆက်သွယ်ရေး တံခါးပေါက်(Strategic Gateway) ဖြစ်လာမည်လည်း ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပမှ နည်းပညာရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရတနာပုံ ဆိုက်ဘာစီးတီးကို အချိန်တိုအတွင်း လျင်မြန်ချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏ နည်းပညာဖွံ့ဖြိုးမှုနှင့် ဒီဂျစ်တယ်စီးပွားရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည်ပင်ဖြစ်ကြောင်း။

ထို့အပြင် ပန်းမြို့တော်ပြင်ဦးလွင်ဒေသ၏ အဓိကဂုဏ်ဆောင်ဖြစ်သည့် အဆင့်မြင့်ပန်းမန်များ၊ ကော်ဖီနှင့် စတော်ဘယ်ရီ စသည့်လတ်ဆတ်မှုလိုအပ်သည့် အရည်အသွေးမြင့်စိုက်ပျိုးရေး ထုတ်ကုန်များကို လေကြောင်းကုန်စည် ပို့ဆောင်ရေးစနစ် (Air Cargo & Cold Chain Logistics)ကိုအသုံးပြုပြီး ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံများသို့ပါ အချိန်နှင့်

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

*စာမျက်နှာ ၃ မှ*

တစ်ပြေးညီ တိုက်ရိုက်တင်ပို့ ဖြန့်ဖြူးပေးနိုင်တော့မည် ဖြစ်ကြောင်း၊ ယင်းအခြေအနေသည် ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့်အလမ်းသစ်များစွာကို ဖန်တီးပေးပြီး ဒေသဖွံ့ဖြိုးရေးနှင့် ခေတ်မီစိုက်ပျိုးစီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်တွင် အနီးစခန်းလေဆိပ်ကို ပိုမိုကြီးမားသည့် လေယာဉ်ကြီးများ ဆင်းသက်နိုင်မည့် ခေတ်မီလေဆိပ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ လေယာဉ်များ အမြန်ဆင်းသက်ထွက်ခွာနိုင်မည့် ဝင်လမ်း ထွက်လမ်းများ၊ ကုန်စည်တင် လေယာဉ်ရပ်နားနေရာ၊ ကုန်စည်သိုလှောင်ရုံစသည့် အခြေခံအဆောက်အအုံများကိုလည်း အဆင့်ဆင့်ဖြည့်ဆည်း တည်ဆောက်ပြီး အဆင့်မြှင့်တင်သွားရန် လျာထားစီစဉ်ထားပြီးဖြစ်ကြောင်း၊ ယခုလေဆိပ်သည် ရှမ်းပြည်နယ်ရှိ လေဆိပ်များအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားရှိ လေဆိပ်များနှင့် ကွန်ရက်ချိတ်ဆက်ပျံသန်းသည့် လေကြောင်းခရီးစဉ်များကို အထောက်အကူပြုပြီး ကုန်သွယ်ရေးနှင့် နည်းပညာစီးဆင်းမှုများမှ တစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးမည့် လေဆိပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ရေး လုပ်ငန်းသည် နိုင်ငံတော်၏အရေးကြီး အခြေခံအဆောက်အအုံများမှ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံကိန်းကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာများ၊ တပ်မတော်အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးကို နိုင်ငံတော်ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်ပြီး နိုင်ငံတော်က ဘဏ္ဍာငွေ အမြောက်အမြားအကုန်အကျခံ တည်ဆောက်ပေးခဲ့သည့် အနီးစခန်း လေဆိပ်ကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အားလုံးဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ပေးကြရန်နှင့် လေဆိပ်ကို အသုံးပြုပြီး သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေဆိပ်အဆောက်အအုံသစ်ဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် လေဆိပ်အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု မှတ်တမ်းဗီဒီယိုနှင့် ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အနီးစခန်းလေဆိပ်၊ လေဆိပ်အဆောက်အအုံ ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရ လက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နားရန်နေရာအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News

---

❂ ***ရှေ့ဖုံးမှ***

အဆိုပါ အဖွဲ့သည်ဇူလိုင် ၁၂ မှ ၁၄ ရက်အထိ Fukuoka Marine Camp တွင် အာရှပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ တက်ရောက်လာသူများနှင့်အတူ စခန်းချနေထိုင်ခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ အားကစားလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြမည်ဖြစ်ပြီး ဇူလိုင် ၁၅ ရက်တွင် သတ်မှတ်ပေးမည့် ဂျပန်အလယ်တန်းကျောင်း တစ်ကျောင်းသို့ တစ်နေ့တာ သွားရောက်လေ့လာ၍ ယဉ်ကျေးမှု ဖလှယ်ခြင်း ဆောင်ရွက်ကာ ဇူလိုင် ၁၅ ရက်ညနေပိုင်းမှ ၁၉ ရက်ညအထိ သတ်မှတ်နေရာချထားသည့် ဂျပန်ကျောင်းသား ကျောင်းသူများ၏ နေအိမ်များသို့ တစ်ဦးချင်း Home Stay နေထိုင်ခြင်းနှင့် အိမ်ရှင် Host Student နှင့်အတူ နေ့စဉ်ကျောင်းသို့ လိုက်ပါတက်ရောက်ခြင်းများ ဆောင်ရွက်ကြမည်။

ယင်းနောက် စခန်းချကာလအတွင်း ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံစုံမှ ကျောင်းသား ကျောင်းသူများနှင့် ဂျပန် Host Families များ၏ ယဉ်ကျေးမှုပွဲတော်အစီအစဉ်ဖြစ်သော "We are the BRIDGE Festival – 2026 "အား ဇူလိုင် ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ ယင်းလူငယ်အဖွဲ့သည် မိမိတို့၏ဂျပန် Host Families များနှင့်အတူ ပါဝင်တက်ရောက် ဆင်နွှဲမည်ဖြစ်ပြီး တစ်နိုင်ငံချင်းအလိုက်အလှည့်ကျ ဖျော်ဖြေကပြမှုတွင် " သကြံန်မိုး" သီချင်းဖြင့် ကပြဖျော်ဖြေကြမည်ဖြစ်သည်။

ထို့နောက် ဂျပန်နိုင်ငံမှ ဇူလိုင် ၂၀ ရက် နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ ***ရှေ့ဖုံးမှ***

လေကြောင်းလိုင်းက ရန်ကုန် – ဟဲဟိုး–အနီးစခန်း–နေပြည်တော် – ရန်ကုန်ခရီးစဉ်နှင့် မင်္ဂလာလေကြောင်းလိုင်းက ရန်ကုန်– တာချီလိတ်–အနီးစခန်း–ရန်ကုန်ခရီးစဉ်တို့ကို စတင်ပျံသန်းပြေးဆွဲကြောင်း သိရသည်။

အနီးစခန်းလေဆိပ်ကို အခြေပြု၍ ရှမ်းပြည်နယ်အတွင်းရှိ တာချီလိတ်၊ ဟဲဟိုးမြို့များနှင့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့်မြို့ကြီးများသို့ တိုက်ရိုက်ခရီးစဉ်များကို မြန်မာအမျိုးသားလေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း၊ အဲသံလွင်လေကြောင်းလိုင်းနှင့် မန်းရတနာပုံလေကြောင်းလိုင်းတို့က ယနေ့မှ စတင်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့ များတွင် ပုံမှန်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

---

❑ ***ရှေ့ဖုံးမှ***

တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ဌာနေပြည်သူ့စစ်အဖွဲ့ဝင်များနှင့် ဒေသခံမိဘပြည်သူ ၁၀၀ ခန့်က မြို့အဝင်ဆိုင်းဘုတ်အနီးတွင် သွားရောက်ကြိုဆိုခဲ့ကြသည်။ အဆိုပါ ဌာနဆိုင်ရာဝန်ထမ်းများအား မောတောင်နယ်မြေရဲစခန်း၊ စည်ပင်သာယာဝင်း၊ အခြေခံပညာအထက်တန်းကျောင်းနှင့် မြို့အုပ်ချုပ်ရေးမှူးအိမ်ရာတို့တွင် နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်**

**(ပြန်/ဆက်)**

---

**သစ်တောမှန်လျှင် အသုံးဝင်၊**

**အစဉ်ထာဝရ ထိန်းသိမ်းကြ။**

---



# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ UMFCCI မင်္ဂလာခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ဥက္ကဋ္ဌ ဦးစိုးသိန်း၊ ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် ဦးကျော်စိုးညွန့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်း၊ စီးပွားရေး လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌနှင့် UMFCCI ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် ပုဂ္ဂလိကကဏ္ဍရှိ ကျင့်ဝတ်များ၊ စီးပွားရေးလုပ်ငန်း ကဏ္ဍများတွင် ဖြစ်ပွားတတ်သော အဂတိလိုက်စားမှုများကို တားဆီးကာကွယ်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းနှင့် UMFCCI အထွေထွေ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့က ငွေကြေးခဝါချမှု တိုက်ဖျက်ရေးနှင့် စီးပွားရေးလုပ်ငန်း ကဏ္ဍနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားကြပြီး တက်ရောက်လာသူများက သိရှိလိုသည့် အချက်များကို မေးမြန်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





**ဆွေးနွေးပြောကြား**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့၏ အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေးဆွေးနွေးမှာကြား

# သမိုင်းကြောင်းစဉ်လာကောင်းများဖြင့် ပြည့်စုံပြီး တန်ဖိုးကြီးမားလှသည့် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ရေခံမြေခံနှင့် ဝိသေသဂုဏ်ပုဒ်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းသွားကြရမည်

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၀ ရက်နေ့၊ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များအား အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်ခန်းမ၌တွေ့ဆုံရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့၏ အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ပြင်ဦးလွင်မြို့မှ မြို့မိမြို့ဖအဖွဲ့ဝင်များအား ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက်ဝမ်းမြောက်မိပါကြောင်း၊ ပြင်ဦးလွင်ဒေသသည် သမိုင်းကြောင်း အစဉ်အလာအရ ထင်ရှားသည့် တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ပန်းမြို့တော်၊ အပန်းဖြေမြို့တော်ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း၊ မြို့၏ ကောင်းမြတ်သည့် သမိုင်းကြောင်းစဉ်လာများကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူတို့၏နေထိုင်မှုပုံစံများသည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများသည်လည်း များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ထူးခြားသည့်ရေခံမြေခံနှင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ လူဦးရေ၏ ၇၂ ဒသမ ၅ ရာခိုင်နှုန်းသည် ဒေသခံများဖြစ်ကြပြီး ကျန်သည့်သူများသည် အခြားသောဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာကြသူများဖြစ်ကြကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့နေထိုင်သည့်မြို့ကို ဒေသတွင်နေထိုင်ကြသူများအားလုံးက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့တော်သည် အပန်းဖြေမြို့တော်ဖြစ်ပြီး လက်ရှိအချိန်၌ ခေတ်စနစ်နှင့် လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ ဒေသတွင်းနေထိုင်သူများပြားလာခြင်းများကြောင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာ ကျဆင်းလျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသကို ချယ်ရီမြို့တော်အဖြစ် ပြန်လည်အသက်သွင်းနိုင်ရေး မိမိအနေဖြင့် လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်စေလျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် စိမ်းလန်းစိုပြည်မှုကို ဖြစ်ပေါ်စေနိုင်သည့် ထင်းရှူးပင်၊ ခါတော်မီပင်၊ စိန်ပန်းပြာပင်များကိုလည်း တစ်အုပ်တစ်မ ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသ၏ ထူးခြားသည့် ဝိသေသများဖြစ်သည့် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဆိုသည့်အမည်နာမကို ပြန်လည်အသက်သွင်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၊ အေးမြသာယာသည့် ရာသီဥတုတို့နှင့်အတူ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော် ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော်စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခု ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသသည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

ထို့အပြင် ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်ပြီး ပညာရေးမြို့တော်အဖြစ်သို့လည်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သော ဒေသ၏ကောင်းမြတ်သည့်ဝိသေသများနှင့် သာယာလှပမှုများကြောင့် ဒေသသို့လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည်လည်း တိုးတက်များပြားလာလျက်ရှိကြောင်း၊ **"အိမ်သာ၍ ညှော့လာသည်"** ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နေထိုင်ကြသူများအနေဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ နေထိုင်သွားလာ စားသောက်ရေးတို့အတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့အတွက် ဒေသခံတစ်ဦးချင်းစီက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့အနေဖြင့် မိမိတို့ဒေသကို မည်ကဲ့သို့ကောင်းအောင်ဆောင်ရွက်မည်ကို ဘက်ပေါင်းစုံမှ ဆွေးနွေးတိုင်ပင်ဆောင်ရွက်သွားကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

### မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများအား ဆွေးနွေးတင်ပြ

ထို့နောက် မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များကိုယ်စား မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က ပြင်ဦးလွင်မြို့မိမြို့ဖအဖွဲ့အား နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဖွဲ့စည်းခဲ့မှု၊ ဖွဲ့စည်းပြီးသည့်နောက်ပိုင်းတွင် ဒေသ၏ ကောင်းရာကောင်းကျိုးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး ဆွေးနွေးတိုင်ပင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးအခန်းကဏ္ဍတို့၌လည်း တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကန်တော်လေးပတ်လမ်းအနေဖြင့် လက်ရှိအချိန်တွင် ယိုယွင်းပျက်စီးလာပြီဖြစ်သဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကျန်းမာရေးမြို့တော်အဖြစ် ဖော်ဆောင်နေမှုနှင့်အတူ ဒေသ၌ လိုအပ်လျက်ရှိသည့် ကျောင်းအားကစားကွင်းများ၊ ရေကူးကန်များ၊ တင်းနစ်ကွင်းများကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ ဂဲလောင်ချောင်းအတွင်း နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးထားသည့်အတွက် ရေစီးရေလာများ ကောင်းမွန်လျက်ရှိပြီး ရေရှည်ကောင်းမွန်တည်တံ့စေရေးအတွက် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများနှင့် လျှောက်လမ်းနေရာများ ထည့်သွင်းဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သွင်းအားစုနှင့် အရင်းအနှီးများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအချင်းချင်း ဆက်သွယ်ထားသည့် လမ်းကြောင်းများအနက် ကောင်းမွန်ခြင်းမရှိသည့် အချို့သောလမ်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုတို့နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြသည်။

*စာမျက်နှာ ၆ သို့*

- **ပြင်ဦးလွင်မြို့သည် ထူးခြားသည့်ရေခံမြေခံနှင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်**
- **ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်**
- **ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်ပြီး ပညာရေးမြို့တော်အဖြစ်သို့လည်း ရောက်ရှိလာပြီဖြစ်၊ ထိုကဲ့သို့သော ဒေသ၏ကောင်းမြတ်သည့်ဝိသေသများနှင့် သာယာလှပမှုများကြောင့် ဒေသသို့လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည်လည်း တိုးတက်များပြားလာ**






**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အမျိုးသား ကန်တော်ကြီး ဥယျာဉ် အတွင်း သစ်ပင်ပန်းမန်များစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ၏ သမိုင်းတန်ဖိုးကြီးမားသည့် အမွေအနှစ်များ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာချင်း ဆက်လမ်းများအနက် အဆင့်မြှင့်တင်ပေးသွားရန်လိုသည့် လမ်းကြောင်းများအား သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီတို့မှ စိစစ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝ စားဝတ်နေရေးတွင် စားသောက်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိပြီး မိမိတို့နိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံများ အသီးသီး၌လည်း စားရေရိက္ခာလုံခြုံရေးနှင့် ပတ်သက်၍ အလေးထားဖြေရှင်း ဆောင်ရွက်ရလျက်ရှိကြောင်း၊ လူတစ်ဦးချင်းစီအလိုက် စားသောက်နေထိုင်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများကို မဖြစ်မနေ အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှ သာလျှင် ရောင်းကုန်ပစ္စည်းများ ရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ဒေသတွင် နေထိုင်ကြသူများ၏ စားရေရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် လျာထားတွက်ချက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သောက်သုံးရေများ လုံလောက်စွာရရှိစေရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ရေအရင်းအမြစ်များရှိရာ ဆည်တာတမံများ၊ ချောင်းများ၏ ရေအရင်းအမြစ်နေရာများကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

မြို့သာယာလှပရေးနှင့် ပတ်သက်၍ သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်မှုကို ဖန်တီးပေးသွားရန်လိုကြောင်း၊ နေအိမ်တစ်အိမ်ချင်းစီအလိုက်၊ လမ်းတစ်လမ်းချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ တစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျရှိခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ခြင်းတို့ဖြင့် သန့်ရှင်းသာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို မြို့နေလူထုက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားခြင်းဖြင့် မြို့၏ ကောင်းမြတ်သည့် ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ချယ်ရီပင်များအား မိမိအနေဖြင့် ပြန်လည်စိုက်ပျိုးစေလျက်ရှိပြီး ချယ်ရီပင်များနှင့် ပြင်ဦးလွင်သည် ခွဲ၍မရသည့် အစဉ်အလာကောင်းများရှိခဲ့ကြောင်း၊ ချယ်ရီပင်များ ပြန်လည်စိုက်ပျိုးစေခြင်းအားဖြင့် သာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူများစွာ ဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Landmark တစ်ခုပင်ဖြစ်သဖြင့် ဒေသတွင် နေထိုင်သူများအားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက်ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

> **“စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Landmark တစ်ခုပင်ဖြစ်သဖြင့် ဒေသတွင် နေထိုင်သူများ အားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက်ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်သွားကြရန်လို”**

ဒေသ၏ အေးချမ်းသာယာလှပမှုနှင့်အတူ ဒေသတွင်းသို့ လာရောက်နေထိုင်ကြသည့်သူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေရမည် ဖြစ်ကြောင်း။

မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်သကဲ့သို့ ကျေးလက်ဒေသများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ယခင်က သစ်ပင်ကြီးများ များစွာပေါက်ရောက်လျက်ရှိပြီး လက်ရှိအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ အန္တရာယ်ရှိသစ်ပင်များ၊ လမ်းမကြီးများနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းခြင်းများလိုအပ်ပါက ဆောင်ရွက်ကြရသော်လည်း သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့်လည်း စဉ်ဆက်မပြတ်သည့် စိမ်းလန်းစိုပြည်မှုကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ပညာရေးသည် မဖြစ်မနေ ပြုပြင်ပြောင်းလဲရမည်ဖြစ်သဖြင့် ပညာရေးကဏ္ဍကို မိမိတို့အနေဖြင့် အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ KG + 9 အထိအား မသင်မနေရပညာရေးအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသသည် ပညာရေးတွင် အစဉ်အလာကောင်းများရှိပြီး တန်းစဉ်ကူးပြောင်းမှုများ ရာခိုင်နှုန်းမြင့်မားစေရေးအတွက်လည်း ကျောင်းသား၊ မိဘ၊ ဆရာအားလုံးက အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်၍ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဝါးပင်တန်းလျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့မှ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အပေါ် အလေးအနက်ထား လေးစားမှုရှိကြောင်း ဖော်ညွှန်းသည့်အနေဖြင့် လက်ဆောင်ပေးအပ်ခဲ့သည့် ဆိုက်ဘေးရီးယား စီဒါရ်ပျိုးပင်အား စိုက်ပျိုးထားရှိမှု၊ အမျိုးသားကန်တော်ကြီးဥယျာဉ် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် ချယ်ရီပင်စိုက်ပျိုးထားရှိမှု၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းသို့ ရောက်ရှိကြပြီး ရေကူးကန်တည်ဆောက်ရန် လျာထားသည့် မြေနေရာအား ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

PPIB News

## ဇေယျာသီရိမြို့နယ် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပ


**နေပြည်တော် ဇူလိုင် ၁၁**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း Golden City Solar Power Co., Ltd. က တာဝန်ယူဆောင်ရွက်ခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဂုဏ်ပြုအားပေးတက်ရောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ နေရောင်ခြည်စွမ်းအင်အပြင် Battery Energy Storage System မှ ထုတ်လုပ်သော ဓာတ်အားကို စက်ခလုတ်နှိပ်၍ ပေါင်းထည့်ပေးကာ လျှပ်စစ်ဓာတ်အား ထုတ်လွှတ်မှုကို စတင်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ရွှေမြို့ဆိုလာစက်ရုံ ၁၅ မဂ္ဂါဝပ်ကို တစ်နှစ်အတွင်း တည်ဆောက်ခဲ့ပြီး Energy Storage System ထည့်သွင်းတပ်ဆင်တည်ဆောက်ထားခြင်း ဖြစ်သည့်အတွက် ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် အထောက်အကူပြုစေမည် ဖြစ်ပါကြောင်း၊ ဆက်လက်၍ စီမံကိန်းအပိုင်း (၂) ၂၅ မဂ္ဂါဝပ်နှင့် အပိုင်း(၃) ၃၀ မဂ္ဂါဝပ် စီမံကိန်းများကိုလည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများဖြင့် ယခုထက် ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဆိုလာစီမံကိန်းများသည် အချိန်တိုအတွင်း ပြီးမြောက်နိုင်သည့်အတွက်



နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား လျင်မြန်စွာ ရယူလိုနေသည့်အချိန်တွင် လွန်စွာအားကိုးအားထားပြုရသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့်အလျောက် သတ်မှတ်ချိန်အတွင်း အောင်မြင်စွာပြီးမြောက်စေရေး ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။ ယင်းနောက် ဓာတ်အားပေးစက်ရုံဧရိယာနှင့် စီမံကိန်းအပိုင်း(၂)နှင့် အပိုင်း(၃) ဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





**ကြည့်ရှုစစ်ဆေး**

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေး လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

**ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းခွင်**

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသအပါအဝင် နိုင်ငံအတွင်းရှိ မိမိတို့ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်တည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအားလုံး စနစ်တကျဖြစ်ရန်လိုကြောင်း၊ ယခုဖောက်လုပ်လျက်ရှိသည့် လမ်းကြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ ကတ္တရာခင်းခြင်း၊ လမ်းပခုံးများထည့်သွင်းခြင်းတို့ကိုလည်း စနစ်တကျဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းနယ်များကိုလည်း စနစ်တကျ သတ်မှတ်သွားရန်လိုပြီး လမ်းနယ်အတွင်း၌ စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် မဲဇလီကဲ့သို့သော အပင်ကြီးမျိုးများ၊ အရိပ်ရလေကာပင်များကို ပင်ကြားတန်းကြား မှန်ကန်စွာဖြင့် စနစ်တကျထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက်ရှိ သင်တန်းကျောင်းများအနေဖြင့်လည်း နယ်နိမိတ်သတ်မှတ်ချက်များအတိုင်းဖြစ်ရန်လိုပြီး ခြံစည်းရိုးများ စနစ်တကျ ကာရံထားရှိသွားရန်လိုကြောင်း၊ ဇီးပင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ အားကစားကွင်းတစ်ခုကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ်သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**ရတနာပုံမြို့သစ်စီမံကိန်းနှင့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း**

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ အပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီးအတွင်း Evergreen ဇုန်ဧရိယာများဖော်ဆောင်လျက်ရှိမှု၊ ဆိုက်ဘာစီးတီးစီမံကိန်း စက်မှုမြေကွက်များတွင် စက်ရုံတည်ဆောက်ထားရှိပြီး ပုံမှန်လည်ပတ်နေသော ကုမ္ပဏီများအား ဆက် လက်လုပ်ပိုင်ခွင့်ပေးထားကာ လုပ်ငန်းရပ်တန့်နေသည့် ကုမ္ပဏီများအား သတ်မှတ်ချက်နှင့်အညီ ဆက်လက်လုပ်ကိုင်လိုခြင်း ရှိ/မရှိ စိစစ်ဆောင်ရွက်ခဲ့မှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အပိုင်း(၁) ဧက ၂၂၀၀ အတွက် ဖြစ်တန်စွမ်းလေ့လာဆန်းစစ်ဆောင်ရွက်လျက်ရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းဧရိယာအတွင်း မြောက်ပိုင်းအိမ်ရာမြေကွက်များတွင် သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေးဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအား ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြထွန်းဦးက ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်းရှိ အဆောက်အအုံများ ဆက်လက်အသုံးပြုနိုင်ရေး ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သင်တန်းခန်းမများနှင့် ဝန်ထမ်းများနေထိုင်ရန်အိပ်ဆောင်များအား ပြည်တွင်းနည်းပညာကုမ္ပဏီများမှ ငှားရမ်းအသုံးပြုဆောင်ရွက်လိုမှု၊ စီမံကိန်းအတွင်းရှိ စက်ရုံများ လုပ်ငန်းလည်ပတ်နေမှုနှင့် အသစ်လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းအတွင်း ပြည်ပနည်းပညာကုမ္ပဏီများမှ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။






နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျ စိစစ်ရွေးချယ်ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ဒေသတွင်းရှိ နည်းပညာဆိုင်ရာ တက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသော ကျောင်းသား၊ ကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**"ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများအား သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်နှင့် စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း ပြည်ပမှ ကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျ စိစစ်ရွေးချယ်ခွင့်ပြုပေးသွားရန်လို"**

*စာမျက်နှာ ၈ သို့*





## ရှင်းလင်းတင်ပြ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အား ရတနာပုံမြို့သစ် စီမံကိန်းနှင့် ရတနာပုံ ဆိုက်ဘာစီးတီးစီမံကိန်း ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရှင်းလင်းတင်ပြစဉ်။

*စာမျက်နှာ ၇ မှ*

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက ၃၀၀၀ ဆိုင်ရာ အချက်အလက်များ၊ လက်ရှိအခြေအနေများအပေါ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းဧရိယာ အတွင်းရှိ ကျေးရွာများဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက **ရတနာပုံမြို့သစ်စီမံကိန်းမြေဧရိယာဧက ၃၀၀၀ ကို ၂၀၀၆ ခုနှစ်ကတည်းကပင် အစိုးရပိုင်စီမံကိန်းမြေအဖြစ် သတ်မှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သတ်မှတ်ထားသည့် စီမံကိန်းဧရိယာနယ်နိမိတ်တစ်လျှောက်၌ အမှတ်အသားများ စိုက်ထူသတ်မှတ်ထားရန်လိုပြီး နယ်နိမိတ်တစ်လျှောက် အမြဲစိမ်းအပင်များ စိုက်ပျိုးသွားရန်လိုကြောင်း၊ **စီမံကိန်းဧရိယာအတွင်း ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံများ ကျူးကျော်ဆောက်လုပ်နေထိုင်မှုများကိုလည်း သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်း ဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရတနာပုံမြို့သစ် ဆက်သွယ်ရေးစခန်း Incubation Center (IC) အဆောက်အအုံသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် အဆောက်အအုံနှင့် ရေစနစ်၊ မီးစနစ်များကို စနစ်တကျ ပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများအနီး သစ်ပင်များစိုက်ပျိုးရာတွင် အဆောက်အအုံထိခိုက်မှုမရှိအောင် စိုက်ပျိုးသွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှု၊ စက်ရုံ၊ အလုပ်ရုံများနှင့် အိမ်ရာများ ဖော်ဆောင်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

### ပိုးချည်စက်ရုံ (ပြင်ဦးလွင်)

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ပိုးချည်စက်ရုံ(ပြင်ဦးလွင်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံက စက်ရုံ၏ နောက်ခံသမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် ရည်ရွယ်ချက်များ၊ မြေအသုံးချနိုင်မှုနှင့် ဘဏ္ဍာရေးနှစ်အလိုက် ပိုးစာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ပိုးမွေးမြူမှု၊ ပိုးအိမ် ထုတ်လုပ်မှုနှင့်ပိုးချည်၊ ပိုးထည်နှင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် စက်ရုံဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပိုးမွေးမြူထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုးချည်နှင့် ပိုးထည်များသည် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ပိုးချည်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ပိုးချည်ထုတ်လုပ်ခြင်း စက်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် စက်ရုံပြခန်းအတွင်း ပိုးစာနှင့် ပိုးထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ပိုးချည်ကောင်များ အဆင့်အလိုက် မွေးမြူထားရှိမှု၊ ပိုးစာပင်စိုက်ခင်းအတွင်း ပိုးစာပင်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိမှု၊ ပိုးချည်စက်ရုံအတွင်းရှိ ပိုးရွေးခန်း၊ ပိုးချည်ရစ်ခန်း၊ ပိုးချည်ငင်ခန်း၊ ပိုးချည်ထုပ်ခန်းတို့၌ လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှု၊ ရှေးခေတ်သုံး ပိုးချည်ငင်စက်များ အစဉ်အဆက်ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပိုးချည်စက်ရုံ (ပြင်ဦးလွင်)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံတာဝန်ခံက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

> **“ပိုးမွေးမြူ ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုပြီး ပိုးချည်နှင့် ပိုးထည်များသည် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ပိုးချည်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လို”**

PPIB News



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပိုးစာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❑ *ကျောဖုံးမှ*

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညီညီစောက **ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ကိုယ်စား တက်ရောက် အမှာစကား ပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊** မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားများကို အစဉ်တစိုက် အလေးအနက်ထား ကျင်းပလာခဲ့သည်မှာ (၃၇)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ လူဦးရေပြောင်းလဲမှုဆိုင်ရာ အသိအမြင်၊ မူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှုများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိအောင် ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို ပိုမိုထိရောက်အောင် အကောင်အထည်ဖော်ရန် အရေးပါသည့် အခွင့်အလမ်း တစ်ရပ်လည်းဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှု ဖြစ်စဉ်သည် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များနှင့် တိုက်ရိုက်ဆက်နွှယ်နေကြောင်း၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ ကျန်းမာရေး ကောင်းမွန်ရေး၊ အရည်အသွေးရှိသည့် ပညာရေး ရရှိရေး၊ ကျားမတန်းတူညီမျှရေး၊ သင့်တင့်လျောက်ပတ်သည့် အလုပ်အကိုင်ဖန်တီးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်အားကောင်းရေးတို့သည် လူဦးရေဖွဲ့စည်းမှုနှင့် လူဦးရေပြောင်းလဲမှုဆိုင်ရာ အချက်အလက်များကို နက်နက်ရှိုင်းရှိုင်း နားလည်ထားမှသာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊

ထို့ကြောင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာမြောက် ဆောင်ရွက်ရာတွင် မျက်မှောက်ကာလ လူဦးရေအခြေအနေ၊ အနာဂတ်ခန့်မှန်းချက်နှင့် ဒေသအလိုက် လူဦးရေကွာခြားချက်များကို မဖြစ်မနေ အလေးထားသုံးသပ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

တိကျမှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးရှိ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံ အချက်အလက်များ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ရရှိရန်လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း၊ စစ်တမ်းများနှင့် စာရင်းအင်းစနစ်များသည် အနာဂတ်မူဝါဒချမှတ်ရေး၊ ရင်းနှီးမြှုပ်နှံမှု ဦးစားပေး သတ်မှတ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများတိုးတက်ကောင်းမွန်စေရေး၊ ဒေသန္တရ ဖွံ့ဖြိုးရေးအစီအမံများ ရေးဆွဲချမှတ်ရေးတို့သည် အသက်တမျှ အရေးပါသည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

လူဦးရေ ပြောင်းလဲမှုသည် မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သကဲ့သို့ နိုင်ငံ၏ အနာဂတ်ကို မဟာဗျူဟာမြောက် ပြန်လည်ပုံဖော်နိုင်မည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက လူ့ဂုဏ်သိက္ခာကိုဗဟိုပြုပြီး အခွင့်အရေးကို အခြေခံသည့်၊ မျှတပြီး မျှော်လင့်ချက်ရှိသည့် လူမှုစီးပွား အသိုက်အဝန်းကောင်းတစ်ရပ်ကို အတူတကွ တည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှု ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် Animation Clip ကိုပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား အပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အဖြစ် ကျောက်စိမ်း ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးသည်။

**သတင်းစဉ်**

**ဓာတ်ပုံများ ကြည့်ရှုရန် -**

## ဇေယျာသီရိမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

ဇေယျာသီရိမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် ရေဆင်းကျေးရွာအုပ်စု ရေဆင်း ရေလှောင်တမံအနီး၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမင်းဦး၊ ဦးထွန်းထွန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားပြီး နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူးတို့က ကျွန်းပင်များကို ဦးဆောင်စိုက်ပျိုးကာ တက်ရောက်လာကြသူများက ကျွန်း၊ ပိတောက်၊ စစ်၊ မဲဇလီ၊ ယင်းမာ စုစုပေါင်း အပင် ၇၁၀ စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

**ထွန်းလင်း(ဇေယျာမြေ)**

## ပဲခူးမြို့၌ အခွန်ပညာပေးရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ



**ပဲခူး ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးကြူသည် ဇူလိုင် ၁၀ ရက်က ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၃၀၀ အား အခွန်များအကြောင်း သိကောင်းစရာများ ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အမေးအဖြေကဏ္ဍတွင် ဆုရရှိခဲ့သော ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။ ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မွန်းလွဲပိုင်းတွင် ရှင်းလင်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ ၂၈၀ ခန့် တက်ရောက်သည်။ **ခရိုင်(ပြန်/ဆက်)**

### ထားဝယ်မြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်းအသိပညာပေး

**ထားဝယ် ဇူလိုင် ၁၁**

အမှတ်(၇၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဦးဆောင်၍ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၉ ရက်က ထားဝယ်မြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ အမှတ်(၇၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံးမှ ဒုရဲမှူး သန်းဇော်ဝင်းက ယာဉ်အန္တရာယ် လမ်းအန္တရာယ်ကင်းရှင်းရေး ရှင်းလင်းဆွေးနွေးဟောပြောသည်။ ငွေဇင်ယော်(ထားဝယ်)



## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## ချောင်းဆုံမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

**ချောင်းဆုံ ဇူလိုင် ၁၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၌ကျင်းပရာ ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်လှိုင်သဇင်ဦးက သင်တန်းဆင်း အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ထူးချွန် သင်တန်းသားများအား ဆုများ ပေးအပ်ချီးမြှင့်သည်။



သင်တန်းသို့ ချောင်းဆုံမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၄၇ စုမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း၊ သင်တန်းကို ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**



**ပဲခူးတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၁ ရက်က ပဲခူးမြို့မဈေးနှင့် သနပ်ပင်မြို့နယ်ရှိ မြို့မဈေးများအတွင်း စားအုန်းဆီရောင်းချနေမှုများကို သတ်မှတ်ဈေးနှုန်း၊ အလေးချိန်၊ သတ်မှတ်ပမာဏ မှန်ကန်မှုရှိမရှိ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးစဉ်။**

ခရိုင်(ပြန်/ဆက်)

### သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့ ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# မဟာဗျူဟာမြောက် စွမ်းအင်စီမံကိန်းနှင့် အမြင်သစ် မြန်မာနိုင်ငံ၏ အနာဂတ် အပိုင်း (၁)

**ကောင်းပြည့်**

**ယနေ့ကမ္ဘာတွင် လူဦးရေတိုးပွားလာမှုနှင့်အတူ စက်မှုကဏ္ဍသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာရာ စွမ်းအင်လိုအပ်ချက်မှာ ယခင်ကထက် အဆမတန် မြင့်မားလျက်ရှိပါသည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် လူသားတို့သည် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို ဆယ်စုနှစ်ပေါင်းများစွာ အားကိုးခဲ့ကြသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ယခုအခါ ကမ္ဘာကြီးသည် "ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်" (Renewable Energy)ကို အသုံးချ၍ စွမ်းအင်ထုတ်လုပ်သည့်စနစ်သို့ အလေးအနက် ဦးတည်ပြောင်းလဲလာပြီ ဖြစ်ပါသည်။**

ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အရင်းအမြစ်များစွာထဲတွင် ရေအားလျှပ်စစ်သည် ကမ္ဘာပေါ်၌ အသုံးအများဆုံးနှင့် ယုံကြည်စိတ်ချရဆုံးသော ပတ်ဝန်းကျင်ကို အကျိုးပြုသည့် စွမ်းအင်တစ်ခုအဖြစ် ရပ်တည်နေပါသည်။ ရေအားလျှပ်စစ်စွမ်းအင်သည် ကမ္ဘာ့လျှပ်စစ်ထုတ်လုပ်မှု စုစုပေါင်း၏ ၁၅ ရာခိုင်နှုန်းကျော်ကို ဖြည့်ဆည်းပေးနေပြီး ကာဗွန်ထုတ်လွှတ်မှုအနည်းဆုံးဖြစ်စေသည့်အတွက် ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရာတွင်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။

> " လက်ရှိကမ္ဘာပေါ်တွင် ရေအားလျှပ်စစ်ကို အဓိကထား ထုတ်လုပ်နေသည့် ထိပ်တန်းနိုင်ငံများကို လေ့လာကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ကမ္ဘာ့ပထမနေရာမှနေ၍ နိုင်ငံ၏ရောမစက်မှုကဏ္ဍကြီးကို လည်ပတ်စေရန် ရေအားလျှပ်စစ်ကို အသုံးချလျက်ရှိသကဲ့သို့ ဘရာဇီးနိုင်ငံသည်လည်း ထိုနိုင်ငံရှိ လျှပ်စစ်လိုအပ်ချက် ၆၀ ရာခိုင်နှုန်းကျော်ကို ရေအားမှရယူကာ တောင်အမေရိကတိုက်၏ စွမ်းအင်အချက်အချာ ဖြစ်လာ "

လက်ရှိကမ္ဘာပေါ်တွင် ရေအားလျှပ်စစ်ကို **အဓိကထားထုတ်လုပ်နေသည့် ထိပ်တန်းနိုင်ငံများကို လေ့လာကြည့်မည်ဆိုပါက တရုတ်နိုင်ငံသည် ကမ္ဘာ့ပထမနေရာမှ နေ၍ နိုင်ငံ၏ရောမစက်မှုကဏ္ဍကြီးကို လည်ပတ်စေရန် ရေအားလျှပ်စစ်ကို အသုံးချလျက်ရှိသကဲ့သို့ ဘရာဇီးနိုင်ငံသည်လည်း ထိုနိုင်ငံရှိ လျှပ်စစ်လိုအပ်ချက် ၆၀ ရာခိုင်နှုန်းကျော်ကို ရေအားမှ ရယူကာ တောင်အမေရိကတိုက်၏ စွမ်းအင်အချက်အချာ ဖြစ်လာပါသည်။**

ထို့အတူ နော်ဝေနိုင်ငံသည် သူ့နိုင်ငံ၏ လျှပ်စစ်ထုတ်လုပ်မှု ၉၀ ရာခိုင်နှုန်းကျော်ကို ရေအားဖြင့်သာ လည်ပတ်နေသည့် စံပြနိုင်ငံဖြစ်ပြီး ကနေဒါနိုင်ငံသည်လည်း ပိုလျှံသောလျှပ်စစ်ဓာတ်အားများကို ပြည်ပသို့ တင်ပို့နိုင်သည်အထိ အောင်မြင်မှုများ ရရှိနေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ စီမံကိန်းကြီးများက ရိုးရှင်းသောကွန်ကရစ်တံတိုင်းကြီးများ မဟုတ်ဘဲ လူသားတို့၏ ဆန်းသစ်သော အင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးမူဝါဒတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ထုဆစ်ထားသည့် ကမ္ဘာ့အံ့ဖွယ်များ ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းမှုကို မည်သို့မျှတစွာ လုပ်ဆောင်နိုင်သည်ဆိုသည့် သင်ခန်းစာကို ကမ္ဘာကျော်စီမံကိန်းကြီးများဖြစ်သော အီတိုင်းပု (Itaipu) နှင့် မြစ်ကျဉ်းသုံးသွယ်ရေကာတာ (Three Gorges Dam) တို့က သက်သေပြလျက်ရှိပါသည်။

စာရေးသူက ထိုကမ္ဘာကျော်စီမံကိန်းကြီးများ၏ အောင်မြင်မှုများကို လေ့လာပြီး မြန်မာနိုင်ငံ၏ အနာဂတ်စွမ်းအင်ကဏ္ဍအတွက် မရှိမဖြစ်လိုအပ်သော မြစ်ဆုံစီမံကိန်းအပေါ် မည်သို့အကျိုးပြုနိုင်မည်ကို အသေးစိတ်တင်ပြသွားမည် ဖြစ်ပါသည်။

ဘရာဇီးနှင့် ပါရာဂွေးနိုင်ငံတို့၏ နယ်စပ်ရှိ ပါရာနားမြစ် (Paranã River)ပေါ်တွင် ခံ့ညားထည်ဝါစွာ တည်ရှိနေသော အီတိုင်းပု(Itaipu) ရေအားလျှပ်စစ်စီမံကိန်းသည် လူသားတို့၏ ဆန်းသစ်သော အင်ဂျင်နီယာအတတ်ပညာနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးမူဝါဒတို့ကို ဟန်ချက်ညီညီ ပေါင်းစပ်ထုဆစ်ထားသည့် ကမ္ဘာ့အံ့ဖွယ်တစ်ခု ဖြစ်ပါသည်။ အဆိုပါစီမံကိန်းသည် ဆယ်စုနှစ်များစွာတိုင်အောင် ကမ္ဘာ့အကြီးဆုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာ အချက်အချာနေရာအဖြစ် ဂုဏ်ယူစွာ ရပ်တည်နိုင်ခဲ့ပြီး ယနေ့ထက်တိုင်အောင်ပင် တောင်အမေရိကတိုက်၏ စွမ်းအင်ကဏ္ဍတွင် မရှိမဖြစ်အရေးပါသော ကျောရိုးတိုင်အဖြစ် ခိုင်မာစွာ တည်ရှိနေပါသည်။

သဘာဝမြစ်ကြောင်း၏ အရှိန်အဟုန်ကို အသုံးချကာ နိုင်ငံနှစ်နိုင်ငံ၏ စီးပွားရေးအနာဂတ်ကို လင်းထိန်စေခဲ့သည့် အဆိုပါစီမံကိန်းသည် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဂေဟစနစ်ထိန်းသိမ်းမှုကို မည်သို့မျှတစွာ ဖော်ဆောင်နိုင်သည်ဆိုသည့် သင်ခန်းစာကို ကမ္ဘာကို ထင်ရှားစွာပြသလျက်ရှိပါသည်။

၁၉၆၀ ပြည့်နှစ်များအတွင်း ဘရာဇီးနှင့် ပါရာဂွေး နှစ်နိုင်ငံစလုံးသည် လျင်မြန်စွာ တိုးတက်လာသော စက်မှုကဏ္ဍအတွက် လိုအပ်သည့် စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းရန် နယ်စပ်မြစ်ကြောင်းကို အသုံးချနိုင်မည့်နည်းလမ်းများကို အဖြေရှာခဲ့ကြပါသည်။ ထိုသို့ ကြိုးပမ်းခဲ့ရာမှ ၁၉၆၆ ခုနှစ်တွင် "Iguaçu Act" ကို အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီးနောက် ၁၉၇၃ ခုနှစ်တွင် "Itaipu Binacional" အမည်ရှိ အဖွဲ့အစည်းကို ပူးပေါင်းဖွဲ့စည်းကာ ရေမဆည်ကြီး တည်ဆောက်ရေးလုပ်ငန်းကို စတင်ခဲ့ပါသည်။ ယင်းစာချုပ်သည် နိုင်ငံနှစ်နိုင်ငံအကြား သဘာဝအရင်းအမြစ်များကို တန်းတူညီမျှခွဲဝေသုံးစွဲခြင်းဆိုင်ရာ ကမ္ဘာ့အကောင်းဆုံးစံနမူနာတစ်ခု ဖြစ်လာခဲ့ပါသည်။

အီတိုင်းပုဆည်ကို တည်ဆောက်ရာတွင် အသုံးပြုခဲ့သည့် ကုန်ကြမ်းပစ္စည်းပမာဏမှာ အံ့မခန်းဖွယ်ရာ ဖြစ်ပါသည်။ ဆည်တစ်ခုလုံးအတွက် အသုံးပြုခဲ့သော ကွန်ကရစ်ပမာဏသည် ကုဗမီတာ ၁၂ ဒသမ ၃ သန်းရှိပြီး ထိုပမာဏမှာ အင်္ဂလန်နှင့် ပြင်သစ်ကို ဆက်သွယ်ထားသည့် ချန်နယ်ဥမင်လိုဏ်ခေါင်း (Channel Tunnel) ၂၁ ခု စာ တည်ဆောက်နိုင်သည့် ပမာဏနှင့် ညီမျှပါသည်။ ထို့ပြင် အသုံးပြုခဲ့သည့် သံနှင့် သံမဏိပမာဏမှာလည်း ပဲရစ်မြို့ရှိ အီဖယ်မျှော်စင်(Eiffel Tower)ပေါင်း ၃၈၀ ခန့် တည်ဆောက်နိုင်သည်အထိ များပြားလှပါသည်။ ဆည်၏အမြင့်မှာ ၁၉၆ မီတာ (အထပ် ၆၅ ထပ်ရှိသော အဆောက်အအုံခန့်)ရှိပြီး အရှည်အားဖြင့် ၇ ဒသမ ၉ ကီလိုမီတာကျော်အထိ ရှည်လျားသဖြင့် လူသားတို့၏ အင်ဂျင်နီယာစွမ်းပကားကို ထင်ဟပ်စေသောပြယုဂ်တစ်ခုဖြစ်ပါသည်။

၁၉၇၈ ခုနှစ်တွင် အင်ဂျင်နီယာများက ကမ္ဘာ့အကြီးဆုံးမြစ်ကြောင်း လမ်းလွှဲမှုတစ်ခုကို ပြုလုပ်ခဲ့ပါသည်။ ကမ္ဘာ့အကြီးဆုံးမြစ်ကြောင်းများထဲမှ တစ်ခုဖြစ်သော ပါရာနားမြစ်ကို လမ်းလွှဲရန်အတွက် အရှည် ၂ ကီလိုမီတာ၊ အကျယ်မီတာ ၁၅၀ ရှိသော လမ်းကြောင်းသစ်ကို ကျောက်တောင်ကြီးများအတွင်း ဖောက်ခွဲဖန်တီးခဲ့ရပါသည်။ ယင်းသို့သော ကြိုးပမ်းအားထုတ်မှုသည် ထိုခေတ်အခါက အင်ဂျင်နီယာလောက၏ အကြီးမားဆုံးစိန်ခေါ်မှုတစ်ခု ဖြစ်ခဲ့ပါသည်။

အီတိုင်းပုတွင် တစ်ခုလျှင် မဂ္ဂါဝပ် (MW) ၇၀၀ ထုတ်လုပ်နိုင်သော ရေမတာဘိုင်စက်ကြီး အလုံး ၂၀ တပ်ဆင်ထားသဖြင့် စုစုပေါင်းထုတ်လုပ်နိုင်စွမ်းမှာ မဂ္ဂါဝပ် ၁၄၀၀၀ ရှိပါသည်။ ထူးခြားချက်မှာ ဘရာဇီးသည် 60Hz စနစ်ကို အသုံးပြုပြီး ပါရာဂွေးသည် 50Hz စနစ်ကို အသုံးပြုခြင်းဖြစ်ပါသည်။ ထို့ကြောင့် တာဘိုင်စက် ၁၀ လုံးသည် 50Hz နှင့် ကျန် ၁၀ လုံးသည် 60Hz ဖြင့် လည်ပတ်လျက်ရှိကာ စွမ်းအင်များကို လိုအပ်သလို ပြောင်းလဲပေးပို့နိုင်သောနည်းပညာစနစ်ကို ကျင့်သုံးပါသည်။

> ❑ **အီတိုင်းပု စီမံကိန်းသည် ပါရာဂွေးနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်လိုအပ်ချက် ၇၅ ရာခိုင်နှုန်းကျော်နှင့် ဘရာဇီးနိုင်ငံ၏ လိုအပ်ချက် ၁၅ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အဆိုပါစီမံကိန်းမှ နှစ်စဉ်ပျမ်းမျှအားဖြင့် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်နာရီ (MWh) သန်း ၉၀ ကျော်ထုတ်လုပ်ပေးနေပြီး ယင်းပမာဏသည် နှစ်နိုင်ငံစလုံး၏ စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အဓိကမဏ္ဍိုင်ဖြစ်လာ**

**အီတိုင်းပုစီမံကိန်းသည် ပါရာဂွေးနိုင်ငံ၏ စုစုပေါင်းလျှပ်စစ်လိုအပ်ချက် ၇၅ ရာခိုင်နှုန်းကျော်နှင့် ဘရာဇီးနိုင်ငံ၏ လိုအပ်ချက် ၁၅ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးလျက်ရှိပါသည်။ အဆိုပါစီမံကိန်းမှ နှစ်စဉ်ပျမ်းမျှအားဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်နာရီ (MWh) သန်း ၉၀ ကျော် ထုတ်လုပ်ပေးနေပြီး ယင်းပမာဏသည် နှစ်နိုင်ငံစလုံး၏ စက်မှုကဏ္ဍနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သော အဓိကမဏ္ဍိုင်ဖြစ်လာခဲ့ပါသည်။**

အီတိုင်းပုစီမံကိန်း၏ အထူးခြားဆုံးအောင်မြင်မှုတစ်ခုမှာ သဘာဝပတ်ဝန်းကျင်ပြန်လည်ထိန်းသိမ်းရေး လုပ်ငန်းများဖြစ်ပါသည်။ ဆည်ပတ်လည်တွင် "ဇီဝမျိုးစုံမျိုးကွဲစင်္ကြံ" (Biodiversity Corridor) ကို တည်ထောင်ခဲ့ပြီး သစ်ပင်ပေါင်း သန်း ၄၀ ကျော်ကို ပြန်လည်စိုက်ပျိုးခဲ့ပါသည်။ သစ်တောများသည် ဆည်အတွင်း နုန်းဝင်ရောက်မှုကို ကာကွယ်ပေးသကဲ့သို့ တောရိုင်းတိရစ္ဆာန်များအတွက် ဘေးမဲ့တောသဖွယ်ဖြစ်ပေါ်စေခဲ့ပါသည်။

ထို့အပြင် ငါးသယံဇာတများ မပြုန်းတီးစေရန်အတွက် "Canal da Piracema" ဟု ခေါ်သော ၁၀ ကီလိုမီတာ ရှည်လျားသည့် ငါးကူးလမ်းကြောင်းကို တည်ဆောက်ခဲ့ပါသည်။ ထိုလမ်းကြောင်းသည် ငါးများအတွက် မီတာ ၁၂၀ မြင့်သော ဆည်ကြီးကို ဘေးကင်းစွာကျော်ဖြတ်ကာ မြစ်အထက်ပိုင်းသို့ သဘာဝအတိုင်း ဆန်တက်နိုင်ရန် လမ်းဖွင့်ပေးထားခြင်းဖြစ်ပါသည်။ ရေအရည်အသွေးကို ထိန်းသိမ်းရန်နှင့် နုန်းပို့ချမှုကို လျှော့ချရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြုထားခြင်းကြောင့်လည်း မြစ်ကြောင်း၏ ဂေဟစနစ်မှာ ရေရှည်တည်တံ့နေခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ချက်များကြောင့် အီတိုင်းပုသည် စွမ်းအင်ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အကောင်းဆုံးပေါင်းစပ်နိုင်သည့် စံပြစီမံကိန်းတစ်ခုအဖြစ် ရပ်တည်နေပါသည်။

ဆည်တစ်ခု၏ ရေရှည်တည်တံ့ခိုင်မြဲမှုသည် နုန်းမြေပို့ချမှုကို မည်မျှထိရောက်စွာ ထိန်းချုပ်နိုင်သည်ဆိုသည့် အချက်အပေါ်တွင် များစွာမူတည်ပါသည်။ ဆည်အတွင်းနုန်းမြေများ ပိတ်မိမှုကို လျှော့ချရန်နှင့် မြစ်အောက်ပိုင်းရှိ မြေဆီလွှာအရည်အသွေးကို မထိခိုက်စေရန်အတွက် ခေတ်မီနုန်းထုတ်ပြွန်စနစ်များ (Sediment Management Systems) ကို အသုံးပြုလျက်ရှိပါသည်။ ထိုကဲ့သို့ စနစ်တကျစီမံခန့်ခွဲမှုများကြောင့် ဆည်၏သက်တမ်းကို နှစ်ပေါင်း ၂၀၀ နီးပါးအထိ ရှည်ကြာစေရန် ရည်မှန်းထားခြင်း ဖြစ်ပါသည်။

ထို့အပြင် လက်ရှိတွင် လည်ပတ်မှုသက်တမ်း ဆယ်စုနှစ် လေးခုနီးပါးရှိလာပြီဖြစ်သော စက်ကိရိယာများကို ခေတ်မီဒီဂျစ်တယ်စနစ်များဖြင့် အစားထိုးသည့် "Technological Modernization" အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ယခုကဲ့သို့ နည်းပညာအဆင့်မြှင့်တင်ခြင်းသည် လျှပ်စစ်ထုတ်လုပ်မှု စွမ်းဆောင်ရည်ကို ပိုမိုမြင့်မားစေရုံသာမက ဆည်ကြီးအား နောင်လာမည့် ဆယ်စုနှစ်ပေါင်းများစွာအထိ ဘေးကင်းချောမွေ့စွာဖြင့် ရေရှည်တည်တံ့ခိုင်မြဲစွာ လည်ပတ်နိုင်စေမည် ဖြစ်ပါသည်။

**ဆည်အတွင်းတွင် အာရုံခံကိရိယာ (Sensors) ပေါင်း ၂၅၀၀ ကျော် တပ်ဆင်ထားပြီး ဆည်၏ကြံ့ခိုင်မှု၊ ရေဖိအားနှင့် မြေငလျင်ဒဏ်ခံနိုင်ရည်ရှိမှုတို့ကို ၂၄ နာရီပတ်လုံး စောင့်ကြည့်နေပါသည်။ ထိုသို့ စနစ်တကျ ဂရုတစိုက်ထိန်းသိမ်းခြင်းကြောင့် အီတိုင်းပုသည် ကမ္ဘာ့ဘေးအကင်းဆုံးဆည်များထဲတွင် ပါဝင်နေပါသည်။ အီတိုင်းပုသည် "Itaipu Technological Park" (PTI) ကို တည်ထောင်ကာ စွမ်းအင်နှင့် နည်းပညာဆိုင်ရာသုတေသနများကို ပံ့ပိုးပေးလျက်ရှိပါသည်။ အဆိုပါနည်းပညာဥယျာဉ်သည် ကျောင်းသားများနှင့် သုတေသီများအတွက် ခေတ်မီနည်းပညာများကို လေ့လာနိုင်မည့် ဗဟိုချက်တစ်ခုဖြစ်ပါသည်။**

စီမံကိန်းသည် နှစ်နိုင်ငံအစိုးရထံသို့ နှစ်စဉ် "Royalty" ခေါ် အခွန်ငွေအမြောက်အမြားပေးဆောင်လျက်ရှိပြီး ထိုရန်ပုံငွေများကို ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးချလျက်ရှိပါသည်။ ထိုသို့ လုပ်ဆောင်နိုင်ခြင်းသည် ဒေသခံပြည်သူများ၏ လူနေမှုဘဝကို တိုက်ရိုက်မြှင့်တင်ပေးနိုင်ခဲ့ပါသည်။

*စာမျက်နှာ ၁၁ သို့*

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် အင်းလေးကန်အတွင်း ငါးမျိုးစိုက်ထည့်



ညောင်ရွှေ ဇူလိုင် ၁၁

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့သည် တာဝန်ရှိသူများနှင့် ယနေ့နံနက်ပိုင်းက ညောင်ရွှေမြို့ ဖောင်တော်ပြန် (VIP)အဆောင်၌ အင်းလေးကန်သဘာဝရေပြင်အတွင်းသို့ ရွှေဝါငါးကြင်းအကောင် ၆၉၀၀၀၊ ငါးခုံးမကြီးအကောင် ၆၉၀၀၀၊ ငါးမြစ်ချင်းအကောင် ၆၉၀၀၀ စုစုပေါင်းကောင်ရေ ၂၀၇၀၀၀ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် အင်းလေးကန်ရေပြင်အတွင်း ညောင်ရွှေမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်းလေးကန် သန့်ရှင်းသာယာလှပရေးအတွက် ဒိုက်၊ ဗေဒါ၊ မှော်ပင်များ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) အင်းလေးဒေသရှိ အသေးစား ဒေသထွက်ကုန်များ ထုတ်လုပ်ရောင်းချလျက်ရှိသော ဟဲယာရွာမရှိ စိန်သမာဓိ ငွေပန်းထိမ်လုပ်ငန်း၊ အင်းပေါခုန်ကျေးရွာ ဦးသန်းလှိုင် ပိုးထည်၊ ကြာထည်၊ ချည်ထည်ရက်ကန်းရုံ၊ ဆည်ခေါင်းကျေးရွာ ပန်းပဲလုပ်ငန်းတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း**
**(တောင်ကြီး)**

## ဒုတိယဝန်ကြီးဦးမျိုးမြင့် ပြည်သူ့ဆေးရုံနှင့် မြန်မာ့စီးပွားရေးဘဏ် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များနှင့်အတူ ယမန်နေ့က ဖလမ်းမြို့ ဖါရ်ထောက်ရပ်ကွက်၌ ယာယီပြည်သူ့ဆေးရုံ ပြင်ဆင် စီမံထားရှိမှု၊ Mobile ခွဲစိတ်ခန်းတပ်ဆင်ထားရှိမှု၊ ရေရရှိမှု၊ မီးရရှိမှု၊ ဆေးရုံထပ်မံတိုးချဲ့နိုင်မည့် အခြေအနေ၊ ခွဲစိတ်ခွဲခန်းသုံး ပစ္စည်းများနှင့် ဆေးဝါးများရရှိမှု၊ ဆေးကုသပေးနေမှုနှင့် ဆေးစတိုအတွင်း ဆေးဝါးများ သိုလှောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအတွက် လိုအပ်သည့် ခွဲစိတ်ခွဲခန်းသုံး ပစ္စည်းများနှင့် ဆေးဝါးများကို နိုင်ငံတော်က အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဆေးကုသမှုခံယူနေသည့် ပြင်ပလူနာများ၊ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသည့် ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ဆေးရုံအုပ်ကြီးထံ ဆေးရုံအတွက် လိုအပ်သည့် ခွဲစိတ်ခွဲခန်းသုံး ပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်သည်။

အဆိုပါ ယာယီပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်း ၈၄ ဦးတို့က ကျန်းမာရေးစစ်ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိရာ လူနာပေါင်း ၁၄၂၄ ဦးအား ကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ တီးတိန်၊ တွန်းဇံ၊ ဖလမ်းမြို့များတွင် မြို့နယ်ပြည်သူ့ဆေးရုံများ ဖွင့်လှစ်၍ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်း ၂၈၅ ဦးဖြင့် လူနာပေါင်း ၁၃၆၇၇ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး ကုသရေးပစ္စည်းများနှင့် ဆေးဝါးများလည်း ရောက်ရှိနေပြီဖြစ်သည်။



ယင်းနောက် ဖလမ်းမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်ခွဲ(ဖလမ်းမြို့)တွင် ပြည်သူများအား ဘဏ်ဝန်ဆောင်မှုပေးနေမှုနှင့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop) နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများ၊ အုပ်စု/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာ တက္ကသိုလ်ဓမ္မာရုံအနီး၌ မိုးရာသီသစ်ပင်စိုက်ပွဲကို ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ရာ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ သန်းသန်းဦးနှင့် တက္ကသိုလ်ဆရာ ဆရာမများ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်သစ်တောဦးစီးမှူးနှင့် ဌာနဆိုင်ရာများက ပျိုးပင် ၁၆၀ စုပေါင်းစိုက်ပျိုးကြစဉ်။

သိန်းသိန်း(လောင်းလုံး)



ပဲခူးတိုင်းဒေသကြီး ဆွာမြို့အတွင်းရှိ စားအုန်းဆီလက်လီ/လက်ကား ကိုယ်စားလှယ်အရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် စားအုန်းဆီများရောင်းချနေမှု ရှိ မရှိ စားအုန်းဆီ ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ဝင်များက ဇူလိုင် ၁၀ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## အုတ်တွင်းမြို့နယ်၌ ဝင်ငွေတိုးစီမံကိန်း ဆောင်ရွက်

**အုတ်တွင်း ဇူလိုင် ၁၁**

တောင်ငူခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲကို အုတ်တွင်းမြို့နယ် လက်ပံခုံကျေးရွာ၌ ယမန်နေ့က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် ခရိုင်အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းသား ၁၅ ဦးအား အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ရှပ်အင်္ကျီ၊ ဂါဝန်၊ သုံးလွှာစကပ်၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်သည်အထိ တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၁၃ ရက်မှ ၂၇ ရက်အထိ မွမ်းမံသင်တန်းကို ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

## တောင်ငူမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ ဇူလိုင် ၁၁**

တောင်ငူမြို့ အထက(နတ်စင်ကုန်း)၌ ယမန်နေ့က လူငယ်စကားဝိုင်းကျင်းပရာ အထက(နတ်စင်ကုန်း) ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိက အမှာစကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့် စာပေ၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် ဆိုရှယ်မီဒီယာ စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ



ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ပြီး ကျောင်းသား ကျောင်းသူ ငါးဦးအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဇော်ကိုကို(တောင်ငူ)**

*စာမျက်နှာ ၁၀ မှ*

ထို့ပြင် အီတိုင်းပုသည် ခရီးသွားလုပ်ငန်းအတွက်လည်း အထူးဆွဲဆောင်မှုရှိသော နေရာတစ်ခုလည်း ဖြစ်ပါသည်။ ဆည်ကြီး၏ ခံ့ညားထည်ဝါမှု၊ ရေပိုလွှဲ (Spillway) မှ ရေများအဟုန်ပြင်းစွာ စီးဆင်းပုံနှင့် ညဘက်တွင် လျှပ်စစ်မီးအလှများဖြင့် ဝေဝေဆာဆာဆင်ယင်ထားမှုတို့သည် နှစ်စဉ်ကမ္ဘာလှည့်ခရီးသွားသန်းပေါင်းများစွာကို ဆွဲဆောင်လျက်ရှိပါသည်။

ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေးတွင်လည်း အီတိုင်းပု၏ အခန်းကဏ္ဍမှာ အလွန်ကြီးမားလှပါသည်။ အဆိုပါ စီမံကိန်းမှ ထုတ်လုပ်သောရေအားလျှပ်စစ်သည် နှစ်စဉ် ကာဗွန်ဒိုင်အောက်ဆိုဒ်တန်ချိန်သန်းပေါင်းများစွာ လေထုအတွင်းရောက်ရှိမှုကို ဟန့်တားပေးထားပါသည်။ ယင်းကဲ့သို့သော လက်တွေ့ဆောင်ရွက်ချက်များသည် ကမ္ဘာကြီးပူနွေးမှုကို တိုက်ဖျက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သည် မည်မျှအရေးပါကြောင်း သက်သေပြနေသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။

အနှစ်ချုပ်အားဖြင့် **အီတိုင်းပုစီမံကိန်းသည် နည်းပညာစွမ်းပကားနှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးကို မည်သို့ဟန်ချက်ညီအောင် တည်ဆောက်ရမည်ဆိုသည့် ပြယုဂ်တစ်ခုပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ထိုသို့သော စံပြစီမံကိန်းကြီးများ၏ အတွေ့အကြုံကို ရယူကာ စွမ်းအင်လိုအပ်ချက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အချိုးညီညီ ပေါင်းစပ်နိုင်ပါက ရေအားလျှပ်စစ်ကဏ္ဍသည် တိုင်းပြည်၏ စီးပွားရေးအရှိန်အဟုန်ကို မြှင့်တင်ပေးမည့် အဓိကမောင်းနှင်အားဖြစ်လာမည်မှာ မလွဲကေန် ဖြစ်ပေတော့သည်။** ။

# ၂၀၂၆ ခုနှစ် ဇွန်လအတွင်း (၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$)၊ နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | |
| | ၁ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| | ၁ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဇုန်ဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | | | | | | |
| | ၅ သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | – | ကောင်းမွန် |
| | ၆ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | – | ကောင်းမွန် |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | |
| | ၁ အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ ကျောက်ဆည်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ မိတ္ထီလာမြို့ | ကောင်းမွန် | | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| | ၁ မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၂ စစ်ကိုင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| | ၁ ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | |
| | ၁ ပဲခူးမြို့ | ကောင်းမွန် | | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | |
| | ၁ မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | |
| | ၁ ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | |
| | ၁ မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၁၀ | ကယားပြည်နယ် | | | | | | |
| | ၁ လွိုင်ကော်မြို့ | လက်ခံနိုင်သော | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | |
| | ၁ ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ မြဝတီမြို့ | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် | |
| ၁၂ | မွန်ပြည်နယ် | | | | | | |
| | ၁ မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ သထုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | |
| | ၁ တောင်ကြီးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ တာချီလိတ်မြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၄ မိုင်းဆတ်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ။

## မွန်ပြည်နယ်ဝန်ကြီးချုပ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကြည့်ရှုအားပေး



**မော်လမြိုင် ဇူလိုင် ၁၁**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းအတွင်း ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေ ပြည်သူများက ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး ကျောင်း၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် မော်လမြိုင်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆေးကုသရေးအစီအစဉ် ဆောင်ရွက်ပေးမည့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါမောက္ခ၊အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီးများက ပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ကျန်းမာရေး စောင့်ရှောက်မှုခံယူကြသည့် ပြည်သူများကို အာဟာရဖြည့်စွက်စာများ ပေးဝေကြသည်။

ဆက်လက်၍ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး၌ ပြည်သူများအား သားအိမ်ခေါင်းကင်ဆာရောဂါ အကြိုအဆင့် စစ်ဆေးကုသခြင်း ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ အာဟာရဖြည့်စွက်စာများ ပေးဝေခဲ့ကြောင်း သိရသည်။

စည်သူ
(ပြန်/ဆက်)

## သုံးခွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**သုံးခွ ဇူလိုင် ၁၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်ကျေးရွာ အနောက်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်မြတ်စုက အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဌေးက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအကြောင်းအရာများ၊ တာဝန်ရှိသူများက အသက် ၁၀ နှစ်အထက်ပြည့်ပြီးသူတိုင်း ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး ရရှိရေး၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ငန်းတာဝန်များ၊ GAP စနစ်ကိုကျင့်သုံးရန် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားပြီး ကျေးရွာသူ ကျေးရွာသားများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

စည်သူလင်း(ပြန်/ဆက်)



## တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၁**

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများ/နည်းပြများ၊ အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ အမျိုးသမီးအကောင်းဆုံး အားကစားသမားဆုနှင့် အမျိုးသားအကောင်းဆုံး အားကစားသမားဆုရရှိသူများနှင့် တံခွန်စိုက်ဆုဖလားရရှိသည့် အသင်းများကို တစ်ဦးချင်း ဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုဖလားများ ပေးအပ်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပန်ကြပ်ဆီလတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ၄၅-၅၀ ကီလိုတန်း အမျိုးသမီး အတိုက်ပြိုင်ပွဲနှင့် ၅၀-၅၅ ကီလိုတန်း အမျိုးသား အတိုက်ပြိုင်ပွဲတို့တွင် ဆုရရှိကြသူများ၊ အတိုက်ပြိုင်ပွဲတွင် အမျိုးသမီးအကောင်းဆုံးဆု၊ အမျိုးသား အကောင်းဆုံးဆုရရှိကြသူများ၊ အမျိုးသားတံခွန်စိုက်ဆုနှင့် အမျိုးသမီးတံခွန်စိုက်ဆုရရှိကြသည့် အသင်းများ၊ စွယ်စုံတံခွန်စိုက်ဆုရရှိကြသည့် အသင်းများအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် တံခွန်စိုက်ဆုများ၊ ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့သည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)

## ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှုများ ကြည့်ရှု

**လွိုင်ကော် ဇူလိုင် ၁၁**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည်ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ သူနာပြုသိပ္ပံကျောင်း၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာရေးဝန်ထမ်းများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကျောင်းဝင်းအတွင်းအပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် လွိုင်ကော်မြို့နယ်ခန်းမ၌ ကျင်းပသည့် ပြည်နယ်ဥပဒေချုပ်ရုံး၏ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)



## ဟိုပုံးမြို့၌ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း(ဖိတ်ခေါ်) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဟိုပုံး ဇူလိုင် ၁၁**

၂၀၂၆ ခုနှစ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌဖလား အမျိုးသားအလွတ်တန်း(ဖိတ်ခေါ်) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယမန်နေ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်က အမှာစကားပြောကြားပြီး ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Hop-One Utd အမျိုးသားဘောလုံးအသင်းနှင့် Hti Ka Thu အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါဘောလုံးပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ဩဂုတ် ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အသင်းပေါင်း ၃၇ သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဇူလိုင် ၁၀ ရက်တွင် စားအုန်းဆီလက်လီလက်ကားအရောင်းဆိုင်များ၌ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် ခွဲတမ်းရစားအုန်းဆီများ အပြည့်အဝရောင်းချပေးမှု ရှိ မရှိ၊ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ မရှိ မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။

ကိုကိုမင်း(ပြန်/ဆက်)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## မလေးရှားနှင့် ထိုင်း နယ်ပယ်စုံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် သဘောတူ

**ကွာလာလမ်ပူ ဇူလိုင် ၁၁**

ထိုင်းဝန်ကြီးချုပ် အနုတင် ချန်ဗီရာကူးလ်သည် နှစ်ရက်ကြာ အလုပ်သဘောခရီးစဉ်အဖြစ် မလေးရှားနိုင်ငံသို့ ရောက်ရှိနေပြီး မလေးရှားဝန်ကြီးချုပ် အန်ဝါ အီဘရာဟင်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် နှစ်နိုင်ငံ နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်သွားရန် ကတိပြုခဲ့ကြသည်။

ထို့အပြင် နှစ်နိုင်ငံခေါင်းဆောင်များသည် နယ်စပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များ ပိုမိုအားကောင်းလာစေရန်နှင့် အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးမှောင်ခိုကူးမှု၊ တောရိုင်းတိရစ္ဆာန်နှင့် သစ်မှောင်ခိုကူးမှုတို့အပါအဝင် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများ တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် သဘောတူခဲ့ကြသည်။

**ဆင်ဟွာ**

## မင်ဒါနာအိုကျွန်း ရေဘေးကယ်ဆယ်ရေးအတွက် ရဲတပ်ဖွဲ့ဝင် ၄၀၀ စေလွှတ်

**မနီလာ ဇူလိုင် ၁၁**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်း၌ ဖြစ်ပွားနေသည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများအတွက် ရဲတပ်ဖွဲ့ဝင် ၄၀၀ ကို စေလွှတ်ထားကြောင်း ဇူလိုင် ၁၀ ရက်တွင် အစိုးရမီဒီယာဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့အပြင် အကူအညီလိုအပ်ပါက အလျင်အမြန် စေလွှတ်နိုင်ရန် တုံ့ပြန်ဆောင်ရွက်ရေး အရန်အင်အားစုမှ အင်အား ၇၈၀ ကျော်ကိုလည်း အသင့်ပြင်ဆင်ထားကြောင်း၊ လက်ရှိတွင် မိသားစု ၂၇၈ စုမှ လူဦးရေ ၁၉၂၃ ဦးခန့်သည် ယာယီခိုလှုံရာ နေရာများတွင် ခိုလှုံနေရကြောင်းနှင့် တိုင်ဖွန်းမုန်တိုင်းများကြောင့် ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း တောင်တန်းဒေသများတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုကဲ့သို့သော သဘာဝဘေးအန္တရာယ်များကို မကြာခဏ ကြုံတွေ့ရလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## သီရိလင်္ကာ ခရီးသွားလုပ်ငန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ဝင်ငွေရရှိ

**ကိုလံဘို ဇူလိုင် ၁၁**

သီရိလင်္ကာနိုင်ငံသည် ခရီးသွားလုပ်ငန်းမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော် ဝင်ငွေရရှိခဲ့ပြီး ၂၀၂၆ ခုနှစ်အတွင်း နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် နိုင်ငံခြား ခရီးသွားဦးရေမှာ ၁ ဒသမ ၂ သန်းကျော် ရှိခဲ့ကြောင်း ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး ရူဝမ်ရာနက်ဆင်းက ဇူလိုင် ၁၀ ရက် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါ ကိန်းဂဏန်းများသည် သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်နာလန်ထူလာပြီး ပိုမိုကျယ်ပြန့်လာကြောင်း ပြသလျက်ရှိပြီး ယခုနှစ်အတွင်း နိုင်ငံခြားခရီးသွား ၂ ဒသမ ၅ သန်းကို ဆွဲဆောင်နိုင်ရန် ရည်မှန်းထားကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။ ခရီးသွားလုပ်ငန်းသည် သီရိလင်္ကာနိုင်ငံ၏ နိုင်ငံခြားဝင်ငွေရရှိသည့် အဓိကကဏ္ဍလည်းဖြစ်သည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန် လူဦးရေ ၃၇ ဒသမ ၂ သန်းအထိ တိုးမြင့်လာ

**ကဘူးလ် ဇူလိုင် ၁၁**

အာဖဂန်နစ္စတန်နိုင်ငံ၏ လူဦးရေသည် ၃၇ ဒသမ ၂ သန်းအထိ တိုးမြင့်လာခဲ့ပြီး ယမန်နှစ်ထက် နှစ်ရာခိုင်နှုန်းကျော် တိုးလာကြောင်း နိုင်ငံ၏ အမျိုးသားစာရင်းအင်းနှင့် သတင်းအချက်အလက်အာဏာပိုင်အဖွဲ့ (NSIA) က ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။ ကျား မ အလိုက် ခွဲခြမ်းစိတ်ဖြာမှုအရ အမျိုးသားဦးရေမှာ ၅၁ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးဦးရေမှာ ၄၉ ရာခိုင်နှုန်းရှိကြောင်း NSIA ပြောရေးဆိုခွင့်ရှိသူ မိုဟာမက် ဟာလင်ရာဖီ၏ ပြောကြားချက်ကို Ariana News က ကိုးကားဖော်ပြထားသည်။

ပထဝီအနေအထားအရ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်ဖြစ်သည့် ၂၆ သန်းနီးပါးမှာ ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ၂၆ ရာခိုင်နှုန်းဖြစ်သည့် ၉ ဒသမ ၈ သန်းမှာ မြို့ပြဒေသများတွင် နေထိုင်ကြသည်။ ကျန်ရှိသည့် လေးရာခိုင်နှုန်းမှာ လှည့်လည်နေထိုင်သူများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### ကမ္ဘောဒီးယား အထည်အလိပ်တင်ပို့မှု ကန်ဒေါ်လာ ၈ ဘီလီယံနီးပါးရရှိ

ကမ္ဘောဒီးယားနိုင်ငံ၏ အထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားပစ္စည်းလုပ်ငန်းများမှ ပြည်ပတင်ပို့မှုသည် ယခုနှစ် ပထမခြောက်လအတွင်း ၆ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာကြောင်း အကောက်ခွန်နှင့် ယစ်မျိုးခွန်အထွေထွေ ဦးစီးဌာနက ဇူလိုင် ၁၁ ရက်တွင် ထုတ်ပြန်ထားသည်။ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီမှ ဇွန်လအတွင်း အမေရိကန်ဒေါ်လာ ၇ ဒသမ ၉၉ ဘီလီယံတန်ဖိုးရှိ ကုန်ပစ္စည်းများတင်ပို့နိုင်ခဲ့ကြောင်းနှင့် အဆိုပါပမာဏသည် ယမန်နှစ်ကာလတူတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅၂ ဘီလီယံရရှိခဲ့ရာမှ တိုးတက်လာခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

### အပူလှိုင်းကြောင့် အီဖယ်တာဝါနှင့် ပါရီပြတိုက်များ ဖွင့်ချိန်လျှော့ချမည်

အပူချိန်မြင့်တက်လာမှုကြောင့် အီဖယ်တာဝါကို စနေနှင့် တနင်္ဂနွေနေ့များတွင် ပုံမှန်ပိတ်နေကျ သန်းခေါင်ကျော် ၀၀:၄၅ နာရီအစား ညနေ ၄ နာရီ၌ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အီဖယ်တာဝါ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ကြေညာထားသည်။

ထို့အပြင် ပါရီမြို့ရှိ လူဗာပြတိုက်တွင် ဇူလိုင် ၁၃ ရက်အထိ ညနေ ၄ နာရီနှင့် အော်ဆေးပြတိုက်ကို ဇူလိုင် ၁၅ ရက်အထိ ညနေ ၅ နာရီတို့တွင် ပိတ်သိမ်းမည်ဖြစ်သည်။ ပြင်သစ်နိုင်ငံ၏ လေးပုံတစ်ပုံခန့်တွင် အလွန်ပြင်းထန်သည့် အပူဒဏ်ဆိုင်ရာ သတိပေးချက် အနီရောင်အဆင့် ထုတ်ပြန်ထားကြောင်း ပြင်သစ်မီဒီယာများက ဖော်ပြထားသည်။ ပါရီမြို့တွင် ဇူလိုင် ၁၁ ရက်၌ အပူချိန် ၃၆ ဒီဂရီဆဲလ်စီးယပ်အထိ ရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဗီယက်နမ်၌ ရေယာဉ်တိမ်းမှောက်မှုကြောင့် ၁၅ ဦး သေဆုံး

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ဖူးကွတ်ကျွန်းအနီးတွင် ဇူလိုင် ၁၁ ရက် မွန်းလွဲပိုင်းက ရေယာဉ်တစ်စင်း တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ ၁၅ ဦး သေဆုံးခဲ့ကြောင်း ပြည်တွင်းမီဒီယာ VnExpress က ဖော်ပြထားသည်။

အဆိုပါရေယာဉ်တွင် ခရီးသွား ၃၂ ဦး၊ အမှုထမ်း လေးဦးနှင့် ဝန်ဆောင်မှုပေးသူများ လိုက်ပါလာခဲ့ပြီး ဖူးကွတ်ကျွန်း ကမ်းလွန်ရေပြင်၌ တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး မတော်တဆမှုအတွင်း လူ ၂၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

၂၀၂၆ ဖီဖာကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

**ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်**

ပြင်သစ် - စပိန် နံနက် ၁း၃၀

WED JULY 15

## တတိယမြောက် ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခြေနဲ့ ပြင်သစ်အသင်းရဲ့ လားရာ

ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကတော့ အုပ်စုအဆင့်၊ ၃၂ သင်းအဆင့်နဲ့ ၁၆ သင်းအဆင့်ပွဲစဉ်တွေ ပြီးဆုံးသွားခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို ပြီးဆုံးသွားချိန်မှာ ဘောလုံးချစ်ပရိသတ်တွေအကြား ဖလားဆွတ်ခူးရေး စိန်ခေါ်ပြောဆိုမှုတွေထဲ ထဲထဲဝင်ဝင်ပါဝင်ခဲ့ကြတဲ့ ထိပ်တန်းအသင်းကြီးတွေ မျှော်လင့်ထားတဲ့အတိုင်း အရှိန်အဟုန်ကောင်းကောင်းနဲ့ ရှေ့ဆက်ခွင့်ရတဲ့အသင်းတွေထဲမှာ နည်းပြ ဒီဒီယာဒက်ရှန့်ရဲ့ ပြင်သစ်အသင်းလည်း အပါအဝင် ဖြစ်ပါတယ်။ ပြင်သစ်က ကွာတားဖိုင်နယ်မှာ မိုရိုကိုကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းထားနိုင်ပြီ ဖြစ်ပါတယ်။ အဲဒီလို တက်လှမ်းခဲ့ရာမှာ အုပ်စုပွဲစဉ်တွေကနေ ကွာတားဖိုင်နယ်အဆင့်အထိ ပြိုင်ဘက်အသင်းတွေရဲ့ မာမာထန်ထန်တုံ့ပြန်မှုတွေကို ဗျူဟာမြောက် စုဖွဲ့မှုနဲ့အတူ တည်တည်ငြိမ်ငြိမ် ကျော်ဖြတ်ပြထားနိုင်တယ်။

ပြင်သစ်က ၁၉၉၈ ကမ္ဘာ့ဖလားနဲ့ ၂၀၁၈ ကမ္ဘာ့ဖလားမှာ ဖလားဆွတ်ခူးထားပြီး ၂၀၀၆ ကမ္ဘာ့ဖလားနဲ့ ၂၀၂၂ ကမ္ဘာ့ဖလားမှာ ဒုတိယရထားတယ်။ ကမ္ဘာ့ဖလားဖိုလ်လုပွဲကို သုံးကြိမ်ဆက် တက်လှမ်းဖို့ဟန်ပြင်နေတဲ့ ပြင်သစ်က ယခုနှစ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကစားခဲ့တဲ့ ခြောက်ပွဲမှာ သာမန်ပွဲကစားချိန်အတွင်း နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ အသင်းဖြစ်ပါတယ်။ အဲဒီ ခြောက်ပွဲမှာ အသင်းတိုက်စစ်က ၁၆ ဂိုးအထိ သွင်းယူထားနိုင်ပြီး ခံစစ်က နှစ်ဂိုးသာ ပြန်လည်ခွင့်ပြုပေးထားရသေးတယ်။ အဲဒီ ၁၆ ဂိုးထဲမှာ တိုက်စစ်ကစားသမား အမ်ဘာပေနဲ့ ဒမ်ဘီလီတို့ရဲ့ နှစ်ဦးပေါင်း သွင်းဂိုးက ၁၃ ဂိုးအထိ ပါဝင်နေတယ်။

ကမ္ဘာ့ဖလားစင်မြင့်ထက်မှာ အသင်းခေါင်းဆောင် အမ်ဘာပေရဲ့ မြန်နှုန်းမြင့် စွမ်းဆောင်ရည်၊ နေရာယူမှုမှန်ကန်မှုနဲ့ တိကျသေချာတဲ့ အဆုံးသတ်မှုတွေက ပြိုင်ဘက်ခံစစ်ကစားသမားတွေနဲ့ ဂိုးသမားတွေအတွက် အမြဲထိတ်လန့်စရာအဖြစ် ရှိနေတယ်။ အမ်ဘာပေက ဖိအားတွေနဲ့ ရင်ဆိုင်နေရချိန်ပင် သွင်းဂိုးတွေ ရယူနိုင်စွမ်းရှိတယ်။



■ နည်းပြ ဒီဒီယာဒက်ရှန့်

ကွင်းလယ် ကစားသမား အိုလီဆေးဆိုရင် နေရာစုံ လိုက်ပါကစားပြီး အဝေးကန်ချက်တွေနဲ့ ပြိုင်ဘက်ဂိုးပေါက်ကို ခြိမ်းခြောက်နိုင်တဲ့အပြင် ကွင်းအတွင်းက နေရာလွတ်တွေကို အမြဲတမ်းစောင့်ကြည့်ပြီး ပြိုင်ဘက်ကစားသမားတွေကို ဖောက်ထွက်နိုင်တဲ့ ဘောလုံးပေးပို့မှုတွေ၊ ပြိုင်ဘက်ခံစစ်ကစားသမားတွေရဲ့ အားနည်းချက်ကို အမြဲတမ်း အကဲခတ်နိုင်စွမ်းတွေရှိပြီး မြင်ကွင်းကွယ်ရာလမ်းကြောင်း တွက်ဆပေးပို့မှုတွေကို ပွဲစဉ်တိုင်းနီးပါး လုပ်ပြနိုင်တယ်။ တောင်ပံက ဒမ်ဘီလီဆိုရင်လည်း လျင်မြန်တဲ့ တစ်ကိုယ်တော် ထိုးဖောက်မှုတွေနဲ့ ပြိုင်ဘက်ခံစစ်ကို ကစဉ့်ကလျားဖြစ်အောင် လှည့်ဖြားနိုင်ပြီး ဝေ့ဝိုက်ကန်ချက်တွေနဲ့ သွင်းဂိုးတွေရရှိအောင် စွမ်းဆောင်ထားတယ်။ ဒါ့အပြင် ပြင်သစ်မှာ ပွဲရလဒ်ကို ပြောင်းလဲနိုင်စွမ်းရှိတဲ့ ချူအာမန်နီ၊ ရာဘီရော့၊ ဘာကိုလာတို့လို ထိပ်တန်းအဆင့်ကစားသမားတွေလည်း အများအပြားရှိသေးတယ်။



■ ကီလီယန် အမ်ဘာပေ

ဘောလုံးကျွမ်းကျင်သူတွေ ခန့်မှန်းခဲ့ကြတဲ့အတိုင်း လက်ရှိအချိန်အထိ ပြင်သစ်အသင်းက ပြိုင်ဘက်တိုင်းကို လျင်မြန်မှု၊ ထက်မြက်မှု၊ ဂိုးရလိုစိတ် ပြင်းထန်မှုနဲ့အတူ ဘက်စုံ၊ ထောင့်စုံကနေ ဖိအားပေးကစားပြီး နိုင်ပွဲတွေ ဆက်တိုက်ယူပြထားနိုင်တယ်။ အထူးသဖြင့် ရှုံးထွက်အဆင့် သုံးပွဲမှာ သုံးပွဲစလုံး အမ်ဘာပေ ဂိုးသွင်းယူထားနိုင်မှုနဲ့အတူ ပေးဂိုးခွင့်ပြုပေးထားရခြင်း မရှိအောင် စွမ်းဆောင်ထားနိုင်တယ်။ ဒါကြောင့် ပြင်သစ်အသင်းက လာမယ့်ဆီမီးဖိုင်နယ်ကိုသာ ကျော်ဖြတ်ပြီး ဗိုလ်လုပွဲ တက်လှမ်းနိုင်ခဲ့ရင် ဂျာမနီပြီးနောက် သမိုင်းတစ်လျှောက် သုံးကြိမ်ဆက်ဗိုလ်လုပွဲတက်လှမ်းနိုင်တဲ့ ဒုတိယမြောက် ဥရောပအသင်းအဖြစ် မှတ်တမ်းရေးထိုးနိုင်မှာ ဖြစ်တယ်။



■ မိုက်ကယ် အိုလီဆေး

ပြင်သစ်က ဆီမီးဖိုင်နယ်မှာ စပိန်အသင်းနဲ့ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းမှာ ယှဉ်ပြိုင်ကစားရတော့မှာပါ။ စပိန်က ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နေပေမယ့် ပြင်သစ်အသင်းရဲ့ ထိုးဖောက်တိုက်စစ်ဆင်မှုတွေကို ထိန်းချုပ်ဖို့ မလွယ်ဘူး။ မည်သို့ပင်ဆိုစေ ပြင်သစ်ရဲ့ လက်ရှိစုဖွဲ့မှု၊ တိုက်စစ်ထက်မြက်မှုကို လာမယ့်ပွဲစဉ်တွေမှာ ဆက်လက်ထိန်းထားနိုင်ခဲ့မယ်ဆိုရင် ဆီမီးဖိုင်နယ်နဲ့ ဗိုလ်လုပွဲကို ကျော်ဖြတ်သွားနိုင်ဖွယ်ရှိတယ်။



■ အူစမန် ဒမ်ဘီလီ

ပြင်သစ်ရဲ့ ကမ္ဘာ့ဖလားခရီးလမ်းက မချောမွေ့ပေမယ့် မကျော်ဖြတ်နိုင်တဲ့ အတားအဆီးမဟုတ်တဲ့အတွက် သုံးကြိမ်မြောက် ကမ္ဘာ့ဖလားကို ဆွတ်ခူးသိမ်းပိုက်ကာ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်နိုင်မည်လားဆိုတာကို ရင်သပ်ရှုမောဖွယ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

**■ မိုးဇက် - ရေးသားသည်**

# ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် အခြေခံပညာကျောင်းများသို့ ကျောင်းသုံး ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ တက်ရောက်



**နေပြည်တော် ဇူလိုင် ၁၁**

ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ အားအမှူးထား၍ Pro-1 မိသားစုမှ အခြေခံပညာကျောင်းများသို့ ကျောင်းသုံးကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒာရာမ ကျောင်းတိုက်ရှိ ဓမ္မဒူတ မဟာဓမ္မ ဗိမာန်တော်၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများ၊ အလှူရှင် မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒထံမှ ဩဝါဒတရား နာယူကြပြီး ဒုတိယဝန်ကြီးက ကျောပိုးအိတ်နှင့် စာရေးကိရိယာများ၊ ဗလာစာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူသည်။

ထို့နောက် အလှူရှင်မိသားစုများက ရန်ကုန်တိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၊ ရုံးများအတွက် ကွန်ပျူတာ၊ မော်နီတာ၊ ပရင်တာ၊ ကီးဘုတ်၊ မောက်စ်၊ UPS ဆက်စပ်ပစ္စည်းအစုံ ၅၀ ကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်

**သရက် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့က ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက အမှာစကားပြောကြားပြီး လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးထွေးတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**

# ဆင်ပေါင်ဝဲမြို့နယ်၌ မိုးရာသီ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ဆင်ပေါင်ဝဲ ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲ



ရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား မိုးရာသီ အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဇူလိုင် ၈ ရက်က မြို့နယ်အားကစားကွင်း၌ကျင်းပရာ ဗိုလ်လုပွဲတွင် Old Star အသင်းနှင့် ကျောက်ဆောင်စမ်းကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ကျောက်ဆောင်စမ်းကျေးရွာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ငြိမ်းထွန်းနှင့် အဖွဲ့ဝင်များက အသင်းအလိုက် ဆုရရှိသည့် အသင်းများအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမရပူရခရိုင်၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေး လူထုလှုပ်ရှားမှုအခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၁၁**

ပြည်တွင်းအခွန်များဦးစီးဌာနမှ ကြီးမှူး၍ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေး လူထုလှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင်၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွဋ်အောင်တို့က အမှာစကားပြောကြားပြီး အမရပူရမြို့နယ် အခွန်ဦးစီးဌာနမှူးက အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစား လိုက်နာမှုတိုးတက်ရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးကာ တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။



အခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အခွန်ထမ်းပြည်သူ ၁၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဘုန်းမြတ်**



# လက်ပံတန်း၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးသင်တန်းဖွင့်

**လက်ပံတန်း ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေး သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး (DHF) သင်တန်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ဆေးရုံ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဇော်ဝင်းနှင့် တိုက်နယ်ဆရာဝန် ဒေါက်တာသာယာသန့်တို့က သွေးလွန်တုပ်ကွေးရောဂါလက္ခဏာ ဖြစ်ပွားပုံများ၊ ရောဂါလူနာစံညွှန်းကုထုံးများကိုပို့ချရာ မြို့နယ်ဆေးရုံနှင့် တိုက်နယ်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

## ပင်စင်လစာ ဘေးကင်းသက်သာစွာထုတ်ယူလို

သို့
အယ်ဒီတာခင်ဗျား

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ မြန်မာ့စီးပွားရေးဘဏ်သည် ကားလမ်းမကြီးဘေးတွင် ဖွင့်လှစ်ထား၍ လစဉ်လတိုင်း ပင်စင်ထုတ်ယူရာ၌ အသက်အရွယ်ကြီးရင့်သည့် အငြိမ်းစားဝန်ထမ်းများမှာ ခြေမခိုင် လက်မခိုင် တုန်တုန်ယင်ယင်ဖြင့် လမ်းမပေါ်မှ ဆိုင်ကယ်ထော်လာဂျီကားများကြောင့် ယာဉ်အန္တရာယ်နှင့် ရင်ဆိုင်နေရပါသည်။ နားနေဆောင်မှာလည်း ကျဉ်းမြောင်းသောကြောင့် လူဦးရေမဆံ့ခြင်း၊ ကျန်းမာရေးအတွက်လည်း အပေါ့အပါးသွားစရာနေရာမရှိခြင်း ကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါ၍ အငြိမ်းစားဝန်ထမ်းများ ဘေးကင်းရန်ကွာ၊ သက်သောင့်သက်သာ ပင်စင်လစာ ထုတ်ယူနိုင်ရေး စီစဉ်ပေးပါရန် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် ရေးသားတင်ပြအပ်ပါသည်။ **အငြိမ်းစားဝန်ထမ်းတစ်ဦး**

## အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။



# ခရမ်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်း အာနိသင်လျှော့ချရေး နည်းပညာပေးဆွေးနွေး

**ခရမ်း ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပိုးသတ်ဆေး ဓာတ်ကြွင်းအာနိသင်လျှော့ချရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ကြာကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ ခရမ်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးငွေမောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံက သီးနှံများ ဓာတ်ကြွင်းအာနိသင် လျှော့ချရေးနည်းလမ်းများ၊ ပိုးသတ်ဆေးဥပဒေနှင့် ဆေးဖျန်းစနစ်များကိုလည်းကောင်း၊ တာဝန်ခံ ဦးထွန်းထွန်းလှက ရွှေခရု၊ လေးပိုး၊ စပါးဂုတ်ကျိုးရောဂါများအကြောင်းကိုလည်းကောင်း၊ မြို့နယ်မြေအသုံးချရေးတာဝန်ခံက ဘိုင်အိုချာ၏ အကျိုးကျေးဇူးများကိုလည်းကောင်း ဆွေးနွေးပြောကြားကာ လက်တွေ့ပြသဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ ခရမ်းမြို့နယ်ရှိ ကြာကန်ကျေးရွာနှင့် ဘုရားပျိုကျေးရွာမှ အုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးဆေးဆိုင်များမှ တာဝန်ရှိသူများ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကိုမင်း(ခရမ်း)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

# မြန်မာ့အလုပ်သမားထု သတိပြုဆင်ခြင်နိုင်ကြစေဖို့ ...

လုပ်သားမောင်

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ၏ လက်အောက်ခံ အဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO) သို့ လွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်ကတည်းက အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သည်။ ထိုအချိန်မှစ၍ လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခွင့် (ကွန်ဗင်းရှင်း ၈၇)၊ အဓမ္မခိုင်းစေမှုပပျောက်ရေး (ကွန်ဗင်းရှင်း ၂၉)၊ အလုပ်လုပ်ကိုင်နိုင်သည့် အငယ်ဆုံးအသက် သတ်မှတ်ခြင်းဆိုင်ရာ ကွန်ဗင်းရှင်း အမှတ် (၁၃၈)နှင့် ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ (ကွန်ဗင်းရှင်း ၁၈၂)အပါအဝင် အခြေခံကျသည့်နိုင်ငံတကာအလုပ်သမားရေးရာ ကွန်ဗင်းရှင်းပေါင်း ၁၉ ခုကို အတည်ပြုလက်ခံကာ လိုက်နာကျင့်သုံးလျက်ရှိသည်။

သို့သော်လည်း ယနေ့အချိန်တွင်မူ ILO ၏ ရပ်တည်ချက်နှင့် လုပ်ဆောင်ချက်များသည် အခြေခံအလုပ်သမားထု၏ ရပိုင်ခွင့်များထက် နိုင်ငံရေးအရ ဖိအားပေးလိုသည့် ရည်ရွယ်ချက်များဆီသို့ ဦးတည်နေသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်လာရသည်။

**သုံးပွင့်ဆိုင်ကိုယ်စားပြုမှု ပျက်ပြားခြင်းနှင့် ၆ နှစ်တာ လစ်ဟာမှု**

ILO ၏ အဓိက ထူးခြားချက်မှာ **အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား**ဟူသော "သုံးပွင့်ဆိုင် (Tripartite)" စနစ်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် နှစ်စဉ် ဇွန်လတွင် ကျင်းပမြဲဖြစ်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာညီလာခံ (International Labour Conference – ILC) သို့ ILO ၏ သတ်မှတ်ချက်များနှင့်အညီ သုံးပွင့်ဆိုင်ကိုယ်စားလှယ်အဖွဲ့များဖြင့် အစဉ်တစိုက် တက်ရောက်ခဲ့သည်။

သို့သော် ၂၀၂၁ ခုနှစ် နောက်ပိုင်း နိုင်ငံရေး အပြောင်းအလဲများတွင် အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်ပရောက်(နိုင်ငံတော်မှ အကြမ်းဖက်အဖွဲ့အစည်း ကြေညာထားသည့်) NUG အဖွဲ့တို့မှ သုံးပွင့်ဆိုင်ကိုယ်စားလှယ်အမည်စာရင်းများ အပြိုင်တင်သွင်းလာခြင်းကြောင့်ဟု အကြောင်းပြကာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံခန့်အပ်လွှာစိစစ်ရေး ကော်မတီက ညီလာခံတက်ရောက်ခွင့်ကို ခွင့်မပြုခဲ့ပေ။ ရလဒ်အနေဖြင့် မြန်မာနိုင်ငံသည် မိမိတို့အလုပ်သမားရေးရာ အခွင့်အရေးနှင့် တင်ပြချက်များကို ဆွေးနွေးခွင့်မရဘဲ ညီလာခံသို့ တက်ရောက်ခွင့် ဆုံးရှုံးခဲ့ရသည်မှာ ယခု ၂၀၂၅ ခုနှစ်အထိ ခြောက်နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်သည်။

**မြေပြင်အခြေအနေနှင့် ဖီလာဆန့်ကျင်နေသော စွပ်စွဲချက်များ**

ILO နှင့် ပြည်ပရောက်လူတစ်စုက မြန်မာနိုင်ငံတွင် အလုပ်သမားသမဂ္ဂများကို ဖြိုခွင်းနေကြောင်းနှင့် လွတ်လပ်စွာဖွဲ့စည်းခွင့်မရှိကြောင်း စွပ်စွဲကြသည်။ သို့သော် မြေပြင်ကိန်းဂဏန်းများက ထိုစွပ်စွဲချက်များကို အခိုင်အမာ ငြင်းဆိုနေသည်။

**အလုပ်သမား အဖွဲ့အစည်းဥပဒေ (၂၀၁၁) နှင့် အလုပ်သမားရေးရာ အငြင်းပွားမှုဥပဒေ(၂၀၁၂)၊** မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအမှတ် (၈၇) နှင့်အညီ အလုပ်သမားအဖွဲ့အစည်း ဥပဒေ(၂၀၁၁) ကို ပြဋ္ဌာန်းပေးခဲ့ပြီး လွတ်လပ်စွာ ဖွဲ့စည်းခွင့်ပြုထားသည်။ အလုပ်သမားရေးရာ အငြင်းပွားမှုဥပဒေ(၂၀၁၂)အရလည်း အလုပ်သမားအနေဖြင့် စုပေါင်းတောင်းဆိုခွင့်ရှိပြီးဖြစ်ပါသည်။

**မှတ်ပုံတင်ထားမှုအခြေအနေ၊** ၁၂-၆-၂၀၂၅ ရက်အထိ ပြည်တွင်း၌ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးပြီးသည့် အလုပ်သမား / အလုပ်ရှင် အဖွဲ့အစည်း စုစုပေါင်း ၃၁၃၆ ဖွဲ့ထိ ရှိနေပြီဖြစ်သည်။

**လွတ်လပ်ခွင့်၊** အလုပ်သမားအဖွဲ့အစည်းများအား ရန်ပုံငွေထားရှိခွင့်၊ စည်းမျဉ်းရေးဆွဲခွင့်နှင့် အလုပ်အမှုဆောင်များကို လွတ်လပ်စွာရွေးချယ်ခွင့်ပေးထားပြီး အစိုးရအနေဖြင့် ဝင်ရောက်စွက်ဖက်ခြင်း မရှိပေ။

ထို့ကြောင့် ၎င်းတို့ စွပ်စွဲနေသည့် အစိုးရထောက်ပံ့ပေးထားသော (Yellow Union) ဖွဲ့စည်းခြင်း သို့မဟုတ် အလုပ်သမားအရေး ဆောင်ရွက်သူများကို အကြောင်းမဲ့ဖမ်းဆီး အကြမ်းဖက်နေသည်ဆိုခြင်းမှာ အခြေအမြစ်မရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်များသာ ဖြစ်သည် ။

**CTUM ၏ အပြောင်းအလဲနှင့် အစစ်အမှန်ကိုယ်စားပြုမှု ပြဿနာ**

မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (CTUM) ကို ၂၀၁၅ ခုနှစ်တွင် တရားဝင် မှတ်ပုံတင်ခဲ့ပြီး ပြည်သစ်ညွန့်ဝေ (ခ) မောင်မောင်အပါအဝင် အမှုဆောင် ၂၉ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ သို့သော် ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် ၎င်းခေါင်းဆောင်အချို့သည် နိုင်ငံတကာ အထည်ချုပ်လုပ်ငန်းများ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာသွားရန် တောင်းဆိုမှုများပြုလုပ်ခြင်း၊ နိုင်ငံတော်မတည်မငြိမ်ဖြစ်စေရန်နှင့် CDM/DCS ကဲ့သို့သော လှုပ်ရှားမှုများတွင် စက်ရုံအလုပ်သမားများ ပါဝင်လာစေရန် လှုံ့ဆော်ခြင်းတို့ကြောင့် တည်ဆဲဥပဒေနှင့်အညီ အရေးယူသည့်အချိန်တွင် အလုပ်သမားအရေးကို စွန့်လွှတ်ကာ ပြည်ပသို့ တရားမဝင် ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြသည်။

၎င်းတို့ ပြည်ပသို့ ရောက်ရှိသွားချိန်တွင် ပြည်တွင်း၌ ကျန်ရှိနေသည့်အလုပ်သမားထုမှာ ဦးဆောင်မည့် အမှုဆောင်အဖွဲ့ မရှိတော့ဘဲ အမှုဆောင်အဖွဲ့ သက်တမ်းကုန်ဆုံးသွားခဲ့သည်။ ထို့အတွက်ကြောင့် ပြည်တွင်းရှိ အစစ်အမှန် အလုပ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် လက်ရှိလုပ်ကိုင်နေသော အဖွဲ့ဝင်အလုပ်သမားများက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အလုပ်သမားအများဆန္ဒအရ ညီလာခံခေါ်ယူကာ ဥပဒေနှင့်အညီ CTUM အလုပ်အမှုဆောင်အဖွဲ့သစ်ကို ပြန်လည်ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ အလုပ်သမားများ အကျိုးစီးပွားအတွက် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြသည်ကို မှတ်တမ်းဓာတ်ပုံများက ပြဆိုနေပေသည်။

အဆိုပါ ပြည်ပရောက်လူတစ်စုက ထိုသို့ ပြန်လည်ဖွဲ့စည်းခဲ့ရသည့် CTUM ကိုလည်း အတုအယောင် အဖွဲ့အစည်းကို ဖန်တီးသည်ဟု စွပ်စွဲပြောဆိုနေပြန်ပါသည်။ ထို့အပြင် အလုပ်အမှုဆောင်သက်တမ်း ကုန်ဆုံးသွားသောကြောင့် အဖွဲ့အစည်းစည်းမျဉ်းနှင့်အညီ ပြန်လည်ဖွဲ့စည်းထားသည့် CTUM ကို ILO ပြည်ပရောက်လူတစ်စု၏စကားကို နားယောင်ကာ အသိအမှတ်မပြုခြင်းသည်လည်း ILO ကဲ့သို့သော အစဉ်အလာကြီးမားသည့် သုံးပွင့်ဆိုင် အဖွဲ့အစည်းကြီး၏ လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် ပတ်သက်သည့်ရပ်တည်မှုအပေါ် စဉ်းစားစရာဖြစ်နေပါသည်။

ဝမ်းနည်းဖွယ်ကောင်းသည်မှာ ILO နှင့် နိုင်ငံတကာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (International Trade Unions Confederation–ITUC) တို့က ပြည်တွင်းရှိ ပကတိအလုပ်သမားထု၏ ကိုယ်စားလှယ်များကို မျက်ကွယ်ပြုပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ထွက်ခွာစေရန်၊ နိုင်ငံကို အရေးယူမှုပြုရန် တစ်ချိန်လုံး အရေးဆိုနေသည့် အဆိုပါပြည်ပရောက် လူတစ်စုကိုသာ ITUC ၏ အလုပ်သမားကိုယ်စားလှယ်များအဖြစ် ယခု ၂၀၂၅ ခုနှစ်၊ ဇွန်လတွင်ကျင်းပသည့် (၁၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံတွင် တက်ရောက်ခွင့်ပြုခဲ့ခြင်းပင်ဖြစ်သည်။

ITUC အောက်မှ တက်ရောက်သည့် အလုပ်သမားကိုယ်စားလှယ်များသည် မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားစစ်စစ်များကို ကိုယ်စားပြုထားခြင်း မရှိသကဲ့သို့ မြန်မာနိုင်ငံအစိုးရကို ဆန့်ကျင်သူများလည်းဖြစ်ပါသည်။ လက်တွေ့တွင် အလုပ်သမားများ၏ အကျိုးစီးပွားများအတွက် ILO ကို နှစ်စဉ် ဆွစ်ဖရန့်ပေါင်းများစွာ ထည့်ဝင်ကြေးပေးသွင်းကာ ဆောင်ရွက်နေသည့် အစိုးရသုံးပွင့်ဆိုင်ကိုယ်စားလှယ်များကို ညီလာခံတက်ရောက်ခွင့်မပေးဘဲ ရန်သူ၏ ရန်သူသည် မိတ်ဆွေဖြစ်သည်ဆိုသည့်အတိုင်း မြန်မာနိုင်ငံအတွင်းရှိ အလုပ်သမားစစ်စစ်များကို ကိုယ်စားပြုထားခြင်း မရှိသကဲ့သို့ အစိုးရကိုဆန့်ကျင်နေသည့် လူတစ်စုကိုသာ အလုပ်သမားကိုယ်စားလှယ်အဖြစ် ညီလာခံတက်ရောက်ခွင့်ပြုသည်ကို ကြည့်ခြင်းဖြင့် ILO ကဲ့သို့သော သုံးပွင့်ဆိုင်အဖွဲ့အစည်းကြီးအပေါ် မည်မျှအထိ ယုံကြည်ရမည်နည်းဟူ၍ မေးခွန်းထုတ်ဖွယ် ဖြစ်နေပေသည်။

**အလုပ်သမားအရေးထက် နိုင်ငံရေးကို ရှေးရှုခြင်း၏ နောက်ဆက်တွဲသားကောင်များ**

ITUC ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရခဲ့သည့် ပြည်ပရောက် မောင်မောင်၊ ဖြိုးစန္ဒာစိုး၊ ခိုင်ဇာအောင်နှင့် စိုးစန္ဒာကျော်တို့သည် ညီလာခံတွင် အလုပ်သမားများအတွက် တကယ့်လိုအပ်ချက်ဖြစ်သော **လုပ်ခလစာတိုးမြှင့်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့်**

*စာမျက်နှာ ၁၇ သို့*

**" ILO သည် ပြည်တွင်းရှိ အလုပ်သမား အစစ်အမှန်များကို လျစ်လျူရှုပြီး ပြည်ပရောက် လူတစ်စု၏ နိုင်ငံရေးတိုက်ခိုက်သည့်သတင်းစကားများကိုသာ အရေးတယူပြုလျက် တစ်ဖက်သတ်ဆုံးဖြတ်ချက်များ ချမှတ်နေခြင်းမှာ အလုပ်သမားအရေးအကြောင်းပြကာအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ရှိရှိ အသုံးချနေသည်မှာ ထင်ရှားလှသည်။ အပြန်အလှန်ပင် တစ်ဖက်အဖွဲ့အစည်းသည်လည်း ပြည်တွင်းရှိ အလုပ်သမားများ အကျိုးစီးပွားအတွက် လုပ်ဆောင်ခဲ့သည့်လုပ်ရပ် တစ်ခုတလေပင်မရှိ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကြီးတွင်ပင် ပြည်တွင်းရှိအလုပ်သမားများ အကျိုးစီးပွားအတွက် တစ်ခွန်းတလေမျှပင် ပြောကြားခြင်း အလျဉ်းမရှိဘဲ ဖိအားပေးရန် တောင်းဆိုနေခြင်းသည် ILO ကို နိုင်ငံရေးအရ အသုံးချနေခြင်းဟု ဆိုနိုင် "**






# ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်အဆင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ



**လားရှိုး ဇူလိုင် ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ပြည်နယ်အဆင့် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်က တပ်မတော်ဂေါက်ကွင်း (ဆင်တောင်)၌ ကျင်းပရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အေးမင်းဦးနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျွန်း၊ မဟော်ဂနီ၊ ပိတောက်၊ ကံ့ကော်၊ ခရေစသည့် သစ်မျိုး ၁၇ မျိုးဖြင့် ပျိုးပင် ၇၃၈ ပင်ကို ဦးဆောင်စိုက်ပျိုးပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားဒေသခံ ၇၀၀ က စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# MPT က (၁၉)ကြိမ်မြောက် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၁**

MPT သည် သွေးလိုအပ်နေသော လူနာများကို ကူညီပံ့ပိုးပေးရန်နှင့် ပြည်သူ့ဆေးရုံကြီးများတွင် သွေးအလှူရှင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံတစ်ဝန်းမှ ဝန်ထမ်းများအတူတကွ စုပေါင်းပါဝင်သည့် နိုင်ငံတစ်ဝန်း (၁၉) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့ကျင်းပရာ MPT ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်း စုစုပေါင်း ၃၀၀ ခန့်သည် နေပြည်တော်ကောင်စီ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် မန္တလေးတိုင်းဒေသကြီးရှိ သတ်မှတ်ထားသော သွေးဌာနများတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်တစ်ခုအတွင်း MPT ၏ စုပေါင်း သွေးလှူဒါန်းမှုအစီအစဉ်မှ တစ်ဆင့် စေတနာ့ဝန်ထမ်းအလှူရှင်ပေါင်း ၁၀၀၀၀ ကျော်က နိုင်ငံတစ်ဝန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွက် အရေးတကြီးလိုအပ်နေသော သွေးယူနစ်ပေါင်း ၉၆၀၀ နီးပါးကို ပံ့ပိုးလှူဒါန်းနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ MT



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card ၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



# မြို့သစ်မြို့နယ်၌ ဝါသီးနှံစိုက်ပျိုးသည့်တောင်သူများအား မျိုးနှင့် သွင်းအားစုများပေးအပ်

**မြို့သစ် ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်သမဝါယမဦးစီးဌာနက ဝါစိုက်တောင်သူများအတွက် မျိုးနှင့် သွင်းအားစုပံ့ပိုးပေးအပ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ထန်းတစ်ပင်ကျေးရွာအုပ်စု လယ်ပြင်စုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီး အရာရှိဒေါ်ဇာလတ်ဖြူက လယ်ပြင်စုကျေးရွာ ခိုင်ရွှေဝါစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသားတောင်သူ ၂၇ ဦးအား ဝါသီးနှံဧက ၁၀၀ အတွက် စုစုပေါင်းငွေကျပ်သိန်း ၂၃၆၀၀၀၀ တန်ဖိုးရှိ မျိုးစေ့နှင့် သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

စပိန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို လူစားဝင်ကွင်းလယ်ကစားသမား မာရီနိုက သွင်းယူပေးခဲ့သည်။ ၎င်းသည် ၁၆ သင်းအဆင့်မှ ပေါ်တူဂီအသင်းနှင့်ပွဲစဉ်တွင်လည်း လူစားလဲဝင်ရောက်ပြီး အနိုင်ဂိုး သွင်းယူနိုင်ခဲ့သည်။ စပိန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် မိုရိုကိုအသင်းကို အနိုင်ယူကျော်ဖြတ်ခဲ့သည့် ပြင်သစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

# ၂၀၂၆ ခုနှစ် ဇူလိုင်လ (ဒုတိယ) ၁၀ ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁၁**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားကောင်းနိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီ ဖာရင်ဟိုက်အတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၀ ဒီဂရီဖာရင်ဟိုက်မှ ၈၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၉၀ ဒီဂရီဖာရင်ဟိုက်မှ ၉၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် ၅၈ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၈၁ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၈၁ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၉၁ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁၀ မီလီမီတာမှ ၂၀ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၂၁ မီလီမီတာမှ ၃၁ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၃၂ မီလီမီတာမှ ၄၂ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ပြည့်ဝ)အခြေအနေ၊ မကွေးတိုင်းဒေသကြီးတွင် (စိုစွတ်)အခြေအနေနှင့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင်(ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။ **မိုး/ဇလ**

*စာမျက်နှာ ၁၆ မှ*

**အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး**

စသည့် အလုပ်သမားရေးရာများကို လုံးဝဆွေးနွေးခြင်း မရှိခဲ့ကြပေ။

ဆန့်ကျင်ဘက်အနေဖြင့် ၎င်းတို့သည် နိုင်ငံရေးအရ တိုက်ခိုက်မှုများကိုသာ ဇောင်းပေးပြောဆိုခဲ့ကြပြီး ILO က အရေးယူမည့်ပုဒ်မ (၃၃) ကို ကြိုဆိုကြောင်း၊ ပိုမိုထိရောက်စေရန် ILO ကို တောင်းဆိုကြောင်းဆိုသည့် အချက်များကိုသာ ပြောကြားခဲ့ကြသည်။ စဉ်းစားစရာအချက်မှာ ထိုသို့ အရေးယူပြီး နိုင်ငံတကာအထည်ချုပ် လုပ်ငန်းများ ထွက်ခွာသွားပါက အမှန်တကယ်နစ်နာဆုံးရှုံးသွားမည့်သူမှာ အဆင့်မြင့်လူတန်းစားများ မဟုတ်ပေ။ မိသားစုကို လုပ်ကျွေးပြုစုနေရသည့် အမျိုးသမီးအများစုပါဝင်သော အခြေခံအထည်ချုပ်အလုပ်သမားခြောက်သိန်းကျော်နှင့် ၎င်းတို့အပေါ် မှီခိုနေရသည့်မိသားစုဝင်များသာ ဖြစ်သည်။

ILO သည် ပြည်တွင်းရှိ အလုပ်သမားအစစ်အမှန်များကို လျစ်လျူရှုပြီး ပြည်ပရောက် လူတစ်စု၏ နိုင်ငံရေးတိုက်ခိုက်သည့်သတင်းစကားများကိုသာ အရေးတယူပြုလျက် တစ်ဖက်သတ်ဆုံးဖြတ်ချက်များချမှတ်နေခြင်းမှာ အလုပ်သမားအရေးအကြောင်းပြကာ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးအရ ဖိအားပေးရန် ရည်ရွယ်ချက်ရှိရှိ အသုံးချနေသည်မှာ ထင်ရှားလှသည်။ အပြန်အလှန်ပင် တစ်ဖက်အဖွဲ့အစည်းသည်လည်း ပြည်တွင်းရှိ အလုပ်သမားများ အကျိုးစီးပွားအတွက် လုပ်ဆောင်ခဲ့သည့်လုပ်ရပ် တစ်ခုတလေပင်မရှိ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံကြီးတွင်ပင် ပြည်တွင်းရှိအလုပ်သမားများ အကျိုးစီးပွားအတွက် တစ်ခွန်းတလေမျှပင် ပြောကြားခြင်း အလျဉ်းမရှိဘဲ ဖိအားပေးရန် တောင်းဆိုနေခြင်းသည် ILO ကို နိုင်ငံရေးအရ အသုံးချနေခြင်းဟု ဆိုနိုင်ပေသည်။

၎င်းတို့၏ တောင်းဆိုချက်များ၊ ILO ၏ တစ်ဖက်သတ် ဆုံးဖြတ်ချက်များကြောင့် ဖြစ်ပေါ်လာမည့် နိုင်ငံတကာ ပိတ်ဆို့မှုများသည် နိုင်ငံရေးသမားများကို မထိခိုက်စေဘဲ အခြေခံလူတန်းစားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝကိုသာ တိုက်ရိုက်ရိုက်ခတ်ပျက်စီးစေမည် ဖြစ်သည်။

သို့ဖြစ်၍ မိဘပြည်သူများနှင့် အလုပ်သမားထုတစ်ရပ်လုံးအနေဖြင့် ပြည်ပရောက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့်လူပုဂ္ဂိုလ်များ ဖြန့်ဝေနေသည့်သတင်းအမှားများကို သတိပြုဆင်ခြင်ကာ မြေပြင်အခြေအနေမှန်ကို မိမိတို့ကိုယ်တိုင် ဝေဖန်ပိုင်းခြားပြီး မိသားစုနှင့် မိမိတို့နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းနှိုးဆော် အပ်ပါသည်။ ။

## လျှော်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်

နေပြည်တော် ဇူလိုင် ၁၁

လျှော်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်



ခြင်းကို ယမန်နေ့က ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၉) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက အမှာစကားပြောကြားသည်။

ထို့နောက် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်း သရုပ်ပြသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များက ဆေးဝါးကုသမှု သရုပ်ပြသခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းအဖွဲ့က ယာဉ်၊ ယန္တရားများဖြင့် ဘေးကင်းလုံခြုံသည့်နေရာများသို့ ပို့ဆောင်ပေးခြင်း စသည့်သရုပ်ပြသမှုများကို လေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သျှင်ဦးမောင်(ဒက္ခိဏ)**

## ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ မအူပင်ခရိုင်အတွင်းရှိ ပြည်သူများနှင့် တွေ့ဆုံဆွေးနွေး

မအူပင် ဇူလိုင် ၁၁

မအူပင်ခရိုင်အတွင်းရှိ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ နှင့် တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့က အမှတ်(၄) ရပ်ကွက်၊ ကမ်းနားလမ်းရှိ တိုးရွှေဝါခန်းမ၌ ကျင်းပရာ မအူပင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်က မအူပင်ခရိုင်



၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌတို့က လွှတ်တော်ဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မအူပင်၊ ပန်းတနော်၊ ညောင်းတုန်း၊ ဓနုဖြူမြို့နယ်များရှိ ရပ်မိရပ်ဖများက မိမိတို့ဒေသ၏ လိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## မုဒုံမြို့၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေး ဟောပြော



မုဒုံ ဇူလိုင် ၁၁

မွန်ပြည်နယ် မုဒုံမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယမန်နေ့က အ ထ က (ခွဲ) ဗိုလ်တေဇကျောင်း၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး အမှတ် (၇၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု၊ တပ်ဖွဲ့စိတ်(မုဒုံ)မှ ရဲအုပ်ဇင်မင်းဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်၍ လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ရာမည (ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်၌ လောင်းကစားမှု လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြော

ကျိုက်ထို ဇူလိုင် ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ဥပဒေရုံးတို့ပူးပေါင်း၍ လောင်းကစားမှု လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မြောက်ပိုင်းရပ်ကွက် ဓမ္မာရုံ၌ ပြုလုပ်ရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးလှဦးက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စွာဦးက အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် လောင်းကစားမှု လျှော့နည်းပပျောက်ရေးကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးထင်အောင်က လောင်းကစားမှုနှင့်ပတ်သက်သည့် ဥပဒေများ



ကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လောင်းလုံးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်



လောင်းလုံး ဇူလိုင် ၁၁

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID ကတ်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးဦးသန့်ရှင်းရွှေနှင့် ဝန်ထမ်းများက ယမန်နေ့တွင် ထားဝယ်တက္ကသိုလ် Community centre ၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ထိုက်နှင့် တာဝန်ရှိသူအဖွဲ့ဝင်များက လာရောက်ကြည့်ရှုပေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၂ ဦးအား နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့သည်။

**သိန်းသိန်း(လောင်းလုံး)**

## အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့် သင်တန်းဖွင့်

ပုသိမ် ဇူလိုင် ၁၁

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီး၍ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို ဇူလိုင် ၉ ရက်က ပုသိမ်စက်မှုမြို့တော်စီမံကိန်းရုံး၌ ကျင်းပရာ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းသည်။ အဆိုပါ သင်တန်းတွင် အလုပ်သမားဝန်ကြီးဌာနအောက်ရှိ မိတ်ဖက်ဌာနများမှ တိုင်းဒေသကြီး တာဝန်ခံများက စည်းကြပ်သည့်ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးခြင်း၊ WCC အဖွဲ့ဝင်များ လိုက်နာရမည့်အချက်၊ ဆောင်ရွက်သင့်သည့်အချက်နှင့် အငြင်းပွားမှုများကို လက်တွေ့ဆွေးနွေးခဲ့သည်။ သင်တန်းသို့ စက်ရုံ၊ အလုပ်ရုံ ၁၀ ရုံမှ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင် သင်တန်းသားသင်တန်းသူ ၄၀ တက်ရောက်ပြီး သင်တန်းဆင်းလက်မှတ်ပေးအပ်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**



## ပခုက္ကူတက္ကသိုလ်၌ Esport ပြိုင်ပွဲ ကျင်းပ

ပခုက္ကူ ဇူလိုင် ၁၁

ပခုက္ကူတက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အထူးပြုဘာသာရပ်ပေါင်းစုံ အမျိုးသား Esport (Mobile Legend) ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်က ကျင်းပရာ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် သတ္တဗေဒဌာနအသင်းနှင့် သင်္ချာဌာနအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် သတ္တဗေဒဌာနအသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိသည်။ အဆိုပါပြိုင်ပွဲတွင် ပခုက္ကူတက္ကသိုလ် အထူးပြုဘာသာရပ်ပေါင်းစုံမှ အမျိုးသား Esport (Mobile Legend) ပြိုင်ပွဲဝင်အသင်း ကိုးသင်းဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဇူလိုင် ၁၀ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမိသာ(ပခုက္ကူ)**



## ရန်ကင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကင်း ဇူလိုင် ၁၁

ရန်ကင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့က အမှတ် (၁၁) ရပ်ကွက်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းလတ်က အမှာစကားပြောကြားပြီး ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ပြည်သူများ သိရှိလိုသည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် အချက်အလက်များကို တင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**လှလှထွေး(ပြန်/ဆက်)**

## ကျောင်းတွင်း အာဟာရကျွေးမွေးခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၁

ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၆) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အထက(၆) ကျောင်းအုပ်ဆရာမကြီး ဒေါ်မေယဉ်မွန်နှင့် ဆရာ ဆရာမများက Grade-1 နှင့် KG မှ ကျောင်းသား ကျောင်းသူများအား အစာအုပ်စုသုံးအုပ်စုတွင် ပါဝင်သော ထမင်း၊ ငါး၊ သီးစုံပဲဟင်း၊ ငှက်ပျောသီးနှင့် အာဟာရမှုန့်တို့ကို နေ့လယ်စာဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။ **TMK**



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## အကြောင်းပြရန်ပေးသည့် အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၈

ဒေါ်နွေးနွေး(၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူဦးဟိန်းဝဏ္ဏစိုး) **နှင့်** ၁။ ဦးအောင်ဖြိုးပိုင် ၂။ ဦးထွန်းနိုင်အောင်

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

ဦးထွန်းနိုင်အောင်၊ အမှတ်(၁၀)၊ ၂၆ x ၇၈ လမ်းထောင့်၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်နွေးနွေး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဟိန်းဝဏ္ဏစိုး)က ဤရုံးသို့ ဦးထွန်းနိုင်အောင် အပေါ် (၉-၆-၂၀၂၃)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီပါ အမှုပြေငြိမ်းသည့် သဘောတူညီချက်များကို တရားပြိုင်ဘက်မှ ဆန့်ကျင်ဖောက်ဖျက်ခဲ့သဖြင့် အမှုအား ပြန်လည်ဖွင့်လှစ်၍ ကတိစာချုပ်ပါ သဘောတူညီချက်၊ စည်းကမ်းချက်များကို အတည်ပြုသည့်အမိန့်နှင့် အပြီးသတ်ဒီကရီ ချမှတ်ပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၇) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆို လဆုတ်(၉)ရက်) နံနက် (၁၀)နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ် ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၆ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုစုလှိုင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်**

## မွေးသက္ကရာဇ်အမှန်

ဦးထွန်းအောင်၏သမီး၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့၊ မြန်မာ့စီးပွားရေးဘဏ်မှကြီးကြပ်ရေးမှူး၊ ဒေါ်ကြေးမှုံအောင် (၈/စလန(နိုင်) ၀၀၆၆၁၅)၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၅-၁၉၆၅) ဖြစ်ပါကြောင်း။

**ဒေါ်ကြေးမှုံအောင်**

## ဖခင်အမည်မှန်

ကျိုက်မရောမြို့နယ်၊ အထက-ဖာသိမ်ကျောင်း Grade-6 တန်း (B) မှ နန်းချိုချိုသန်း၏ ဖခင်အမည်မှန်မှာ မန်းပန်းညွန့် ၃/ကကရ(နိုင်)၂၇၆၈၉၈ ဖြစ်ပါကြောင်း။

**မန်းပန်းညွန့်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/19128, Dayang-125 ယာဉ်လက်ဝယ်ရှိသူ Yoon Taw Win Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**
**(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/49077, Honda Dream 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဦး ၇/ကပက(နိုင်)၀၇၆၈၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ မိမိတစ်ဦးတည်းမူပိုင်ဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မဟာလမ်းစင်တာ၊ အမှတ်(၅၆)၊ အခန်းအမှတ် (၂၀၇) Sunjin Myanmar Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

Sunjin Myanmar Co., Ltd. မှ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် အသုံးပြုရန်အတွက်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်-၄/၁၆၆၈၁ ဖြင့် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြန်မာနိုင်ငံကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့်အညီ မှတ်ပုံတင်လျှောက်ထားပြီး ဖြစ်ပါသည်။

ယခုအခါ Sunjin Myanmar Co., Ltd. ၏ (Logo/Name) အား အသုံးပြု၍ Social Media Platform အစရှိသည့် လူမှုကွန်ရက်များတွင် Sunjin Myanmar Co., Ltd. ၏ ခွင့်ပြုချက်မရှိပဲ အသုံးပြုထားသည်ကို တွေ့ရှိရပါသည်။

အကယ်၍ အသုံးပြုထားပါက ပြန်လည်ရုပ်သိမ်းပေးပါရန်နှင့် အမှတ်တံဆိပ်များကို အများပြည်သူမှ မှားယွင်းစေရန် ရည်ရွယ်၍ ခွင့်ပြုချက်မရှိဘဲ မှိုင်မြင်းတုပသုံးစွဲခြင်း၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ထင်ယောင်ထင်မှား ဆင်တူယိုးမှား တုပသုံးစွဲခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် အသုံးပြုခြင်း လုံးဝ(လုံးဝ) မပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**Sunjin Myanmar Co., Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းထွန်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၁၅/၂၀၁၈)**
**အမှတ်(၅၉)၊ စံပယ်ခြံ(၂)လမ်း၊ စံပယ်ရိပ်မွန်အိမ်ရာ၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၉၅၅၅၂၂၂၆၆**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့နယ်၊ ဟိုလိမ့် အထက Grade-6 မှ မချစ်စုစန္ဒီလွင်၏ ဖခင်အမည်မှန်မှာ ဦးမျိုးလွင် ဖြစ်ပါကြောင်း။

**ဦးမျိုးလွင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇေယျာသီရိမြို့နယ်၊ နန်းဩ ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်း Grade-8 မှ မောင်သွင်ထူးနိုင်၏ ဖခင်ဖြစ်သူ ဦးနေအောင်မျိုး (ခ) ဦးနေအောင် ၉/တကန(နိုင်) ၁၅၁၉၉၇ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးနေအောင်မျိုး**

## အမည်ပြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြရတနာ မြို့သစ်အမှတ် (၉၀၃) ယုဇနလမ်းနေ ဦးသန့်ဇင် ၁၂/ဒဂမ(နိုင်) ၀၁၈၉၅၂ ၏သား မောင်သုတ အား မောင်မင်းကောင်းကျော်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းကောင်းကျော်**

## ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့၊ အမှတ် (၁) အထက Grade-10 (အခန်း-၁) မှ မနှင်းလဲ့ရည်၏ ဖခင်အမည်မှန်မှာ ဦးနီ ၉/ကပတ(နိုင်)၀၇၀၇၃၆ ဖြစ်ပါကြောင်း။

**ဦးနီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ငွေ့ကြီးကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) (Grade-12) တွင် ပညာသင်ကြားနေသော မောင်စိုင်းမြတ်ကို၏ ဖခင်အမည်မှန်မှာ ဦးဟံတင် ၈/မသန(နိုင်)၁၆၄၁၁၃ ဖြစ်ပါကြောင်း။

**ဦးဟံတင်**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၃)၊ (၁၃၃)ရပ်ကွက်၊ တကောင်းလမ်း၊ မြေကွက်အမှတ်(၇၂၈/က)၊ မြေအကျယ်ပေ(၂၀x၆၀)ရှိအိမ်ခြံမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဒေါ်ယုယုမော်(၁၂/ဒဂရ(နိုင်)၀၁၄ ၅၁၄) မှ (၂၂-၁-၂၀၂၆)ရက်တွင်"နှစ်ဦးသဘောတူမြေနှင့်အဆောက်အအုံ အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဦးမြင့်စိုး (၁၂/ဒဂရ(နိုင်)၀၁၄၅၁၈) ထံမှ ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားနေထိုင်လျက်ရှိကြောင်းနှင့် အထက်ဖော်ပြပါ အိမ်ခြံမြေကွက်အား ယခုအခါတွင် ကျွန်ုပ်မိတ်ဆွေဒေါ်ယုယုမော်မှ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဝယ်ယူသူများထံသို့ဖြစ်စေခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် အတူဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ အကယ်၍ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ အိမ်ခြံမြေအား တရားဝင်အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယုယုမော်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်အောင်(LL.B, D.B.L, D.I.L, WIPO) (စဉ်-၁၃၈၃၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၆၈၈)၊ စိန်တစ်ပွင့်လမ်း၊ (ဒ-၆၃/၁၇) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၃၃၈၂၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ မဟာလမ်းစင်တာ၊ အမှတ်(၅၆)၊ အခန်းအမှတ်(၂၀၇) Sunjin Myanmar Co., Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါ အတိုင်းကြေညာအပ်ပါသည်-

လူကြီးမင်း ဦးဇော်လင်းအောင် မြစိမ်းရောင်၊ စိုက်ပျိုးရေးမွေးမြူရေးခြံ၊ ရဲမွန်တပ်မြို့၊ လှည်းကူးနေထိုင်သူသည် Sunjin Myanmar Co., Ltd. ထံမှ မှာယူဝယ်ယူထားသော တိရိစ္ဆာန်အစာဖိုး စုစုပေါင်းငွေကျပ် (၃၇,၅၆၅,၈၅၀/-) (ကျပ်သိန်းသုံးရာခုနစ်ဆယ်ငါးသိန်းခြောက်သောင်းငါးထောင်ရှစ်ရာငါးဆယ်တစ်ကျပ်) အားပေးချေရန် ကျန်ရှိနေပါသည်။ ဦးဇော်လင်းအောင် မှ Sunjin Myanmar Co., Ltd. ထံအစာဝယ်ယူနေစဉ် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တိုးတိုး အမည်ပေါက်ဖြစ်သော ကျောက်တန်းမြို့၊ စံချိန်မှီအဆင့်(၁)၊ မြေကွက်အမှတ် (၁/၇၂၄)၊ အား Sunjin Myanmar Co., Ltd. ထံ အာမခံအဖြစ် ပေးအပ်ထား၍ ယခုအခါ ၎င်းပိုင်ဆိုင်သော မြေကွက်အားအပြီး လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

Sunjin Myanmar Co., Ltd. မှ ဒေါ်တိုးတိုးအမည်ပေါက်ဖြစ်သော ကျောက်တန်းမြို့၊ စံချိန်မှီအဆင့်(၁)၊ မြေကွက် အမှတ်(၁/၇၂၄) အား အရောင်းအဝယ် ပြုလုပ်တော့မည်ဖြစ်သောကြောင့် အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမင်းထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၁၅/၂၀၁၈)**
**အမှတ်(၁၃၈)၊ ပတ္တမြားလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၉၅၅၅၂၂၂၆၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊(၁)ရပ်ကွက်၊ သခင်ခင်ဇော်(၄)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-(၁)၊ မြေကွက်အမှတ်-(၁၂၁၉) ဟုခေါ်တွင်သော အကျယ် (၄၄x၆၀)ပေရှိသည့်အနက်မှ အကျယ်ပေ(၂၀x၆၀)ရှိ (မြေကွက် မျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း)၊(မြေကွက်အမှတ်-၁၂၂၂ နှင့်ကပ်လျက်)မြေကွက်(၁)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ၊ မီးအစုံအလင်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"တို့အား ဦးသီဟသွင် (၁၂/ဒပန(နိုင်) ၀၄၄၉၅၂) မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသိန်းမိုး(၁၂/မရက(နိုင်)၁၀၄၇၃၈)နှင့် ဒေါ်သက်သက် (၁၂/ဗတထ (နိုင်) ၀၀၇၂၂၉)မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသီရိနိုင်လင်း (LL.B)(စဉ်-၅၅၃၂၄) အထက်တန်းရှေ့နေ**
**အမှတ် (၅၂၄)၊ ဇေယျာ(၁၈)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၈၀၁၅၂၂၇၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၉၅၀) ဟုခေါ်တွင်သော မြေအလျား x အနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော [မြေကွက်အမှတ်(၉၅၀) နှင့် ကပ်လျက်အခြမ်း] ပေ(၂၀x၆၀)ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်လှ (၁၂/ကတန(နိုင်)၀၅၆၃၂၅)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်နှင်းနှင်းအောင် (၁၂/တမန(နိုင်)၀၄၃၄၇၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်ဥမ္မာထွေး (၈/ခမန(နိုင်)၀၄၆၁၇၆)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော် (LL.B)** | **ဒေါ်ယမင်းထွေး (LL.B)** | **ဦးရဲသီဟ (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/68650, Honda Scoopy 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ဦးသူ ၉/ခအဇ (နိုင်)၀၃၄၀၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W/87372, Flymo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်မိုး ၉/ခအဇ (နိုင်)၀၁၈၄၇၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၇၃၆/ခ)၊ (စတုတ္ထထပ်)(၅-လွှာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သောအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဒေါ်ညိုဇင်ဝင်း (၅/အတန(နိုင်) ၀၇၀၅၅၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးကျော်လင်းထက် (၁၂/တမန(နိုင်)၁၀၄၃၅၉)၊ ဦးကျော်ဇင်ထက် (၁၂/တမန(နိုင်)၁၀၈၉၉၄)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စ နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ (LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ဟသ်ာတခရိုင်၊ ဟသ်ာတမြို့နယ်၊ နတ်မော်ကျေးရွာအုပ်စု၊ အကွက်အမှတ် (၁၅၁၆)၊ နတ်မော်ကွင်း၊ ဦးပိုင်အမှတ် (၁က)၊ ဧရိယာ (၀.၆၀) ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့် -

- အရှေ့လားသော် - ဦးပိုင်အမှတ် (၃)
- အနောက်လားသော် - ဦးပိုင်အမှတ်(၁က)ကျန်မြေ
- တောင်လားသော် - ဦးပိုင်အမှတ်(၁က)ကျန်မြေ
- မြောက်လားသော် - ဦးပိုင်အမှတ်(၂)တို့ဖြစ်ကြပါသည်။

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးအေးချိုမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများ ရှိပါက ဤကြေညာစာပါသည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဟသ်ာတမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 54W/92495 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြတ်သူ ၇/ကဝန(နိုင်)၁၂၃၀၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/91334, Canda 125, M/C ယာဉ်လက်ဝယ်ရှိသူ Aung Kan Bo Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/63133, Adixin (ADX 17) Beta -110 M/C ကုမ္ပဏီအမည်ပေါက်အမည် Nylong Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (စ-၇၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ် ( စွယ်တော် လမ်း(ဟ-၂၇၊ ဟ-၂၈) )၊ ဧရိယာ( ၀.၁၂၁ )ဧကရှိ မြေနေရာသည် မြို့မြေအမှုတွဲအမှတ်၊ ၄၈၅ V ၁၉၉၈-၁၉၉၉ အရ ဒေါ်တင်ရွှေ အမည်ဖြင့် (၂၁-၇-၁၉၉၉) ရက်နေ့မှစ၍ မူလသက်တမ်းအတိုင်း (၅-၇-၁၉၉၅ မှ ၄-၇-၂၀၂၅ ထိ) နှစ်(၃၀) အမည်ပြောင်း ချထားပေးသောမြေဖြစ်ပြီး အဆိုပါမြေငှားစာချုပ်မှာ (၄-၇-၂၀၂၅) ရက်တွင် မြေငှားစာချုပ် သက်တမ်းကုန်ဆုံးပြီဖြစ်၍ ဒေါ်တင်ရွှေ အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၂-၇-၂၀၂၆)ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်း တိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ ၊ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံမြို့နယ်၊ တောကျယ်ရွာမအပိုင် မြင်းကျဒိုး ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၂၀၈၊ ဦးပိုင်အမှတ် ၁၃၂/၁၃၄၊ မြေကွက်အမှတ် ၇၄၄/၈၉၆၊ မြေကွက်ဧရိယာ (၀.၃၀) ဧက၊ ရေချောင်းတစ်ခုအပါ မြေအမျိုးအစား ယာမြေနှင့် ယင်းမြေပေါ်ရှိ ခံစားခွင့်အရပ်ရပ်အား စာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် လက်ရှိပိုင်ဆိုင်ကြောင်း ဖွင့်ဟဝန်ခံကတိပြုသူ ဒေါ်သရဖီမောင် ၇/ညလပ(နိုင်)၁၇၅၉၅၀ နေရပ်လိပ်စာစူပါဝမ်းခြံလမ်း၊ ညောင်ကုန်းရွာ၊ အောင်ပန်းမြို့ထံမှ ကျွန်တော် ဦးငြိမ်းချမ်းကို ၁၄/ဟသတ(နိုင်) ၃၃၁၆၈၉ မှ အပြီးပိုင် ဝယ်ယူရန်အတွက် စရန်တစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသည် အထက်ပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား တည်ဆဲဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ဆက်သွယ်ရန်**
**ဦးငြိမ်းချမ်းကို ၁၄/ဟသတ(နိုင်) ၃၃၁၆၈၉**
**Ph-09-421015269၊ 09-777516951**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/38460, Jialing, M/C ယာဉ်လက်ဝယ်ရှိသူ မောင်စိုင်းဝဏ္ဏ ၅/မရန(နိုင်)၁၄၆၂၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ –၂၀)
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၀

ဒေါ်သန္တာစိုး နှင့် ၁။ မအေးသိန်း(ခ)မခေင်
၂။ ဒေါ်ခင်မာယာညွန့်
၃။ ဒေါ်ခင်ဆွေသက်
၄။ ဦးကြည်ရှိန်းဟန်

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ နှင်းဆီလမ်း၊ တိုက်အမှတ်–ဘီ၊ ၃၀၇၊ (၄)လွှာ ရပ်နေ ဒေါ်ခင်မာယာညွန့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်စာချုပ်ပါအတိုင်းမြေနှင့်အိမ်အား အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီး သည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၇ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၇)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မိုးဟိန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မင်္ဂလာဒုံမြို့နယ်တရားရုံး

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ –၂၀)
## မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၆၀

ဒေါ်သန္တာစိုး နှင့် ၁။ မအေးသိန်း(ခ)မခေင်
၂။ ဒေါ်ခင်မာယာညွန့်
၃။ ဒေါ်ခင်ဆွေသက်
၄။ ဦးကြည်ရှိန်းဟန်

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ မြောက်ပိုင်းရပ်ကွက်၊ တောရကျောင်း (၇)လမ်း၊ အမှတ်(မရှိ) ရပ်နေ ဒေါ်ခင်ဆွေသက် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ပဋိညာဉ်စာချုပ်ပါအတိုင်းမြေနှင့်အိမ်အား အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ၊ ၂၁ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၇) ရက် မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ၊ (၇) ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်မိုးဟိန်း)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မင်္ဂလာဒုံမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်နေ ဒေါ်မသန်းမြက စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ အကွက်အမှတ် (၂၇)၊ ကျောင်းတက်လမ်းအကွက်၊ ဦးပိုင်အမှတ်(၁၀၇–ခ)၊ ဧရိယာ(၀.၀၄၈)ဧကအနက်မှ ဧရိယာ(၀.၀၁၇)ဧကရှိ ဘိုးဘပိုင်(B)၊ မြို့မြေအား အမည်ပေါက်ပိုင်ဆိုင်ခဲ့သူ ဦးကျော်ဇောလှဖြစ်ပြီး ၎င်း၏အမွေကို ဆက်ခံပိုင်ဆိုင်လာကာ လက်ရှိနေထိုင်သော ချွေးမက ၎င်းအမည်ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုသူများ ရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ခိုင်လုံသောသက်သေ အထောက်အထား များဖြင့် စစ်တွေမြို့နယ် မြေစာရင်းဦးစီးဌာနမှူးထံ ကန့်ကွက်လွှာ တင်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်တွေမြို့နယ်မြေစာရင်းဦးစီးဌာန ၊ စစ်တွေမြို့

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ် ၊ ဖုတ်ကုန်းကျေးရွာအုပ်စု ၊ လျှောင်းတော်ဦးကျေးရွာနေ ဦးငွေးဝင်း၏သား မောင်ဟန်မင်းဝေ (၈/မကန(နိုင်)၂၆၃၁၃၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI–798823) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉– ၄၄၅၃၆၆၀၉၆

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ–၁၅)၊ မြေကွက်အမှတ်(၄၅၉/ခ)၊ အကျယ်အဝန်းပေ(၂၀ x ၆၀)ရှိ (အရပ်အခေါ် အမှတ် (၄၅၉/ခ)၊ ချစ်ကြည်ရေးလမ်း၊ ၁၉–ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်) ဟုခေါ်တွင်သော ဦးစန်းလွင်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် ရေ+မီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိကသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ နော်လှဝင်း (၁၂/လမန(နိုင်)၀၇၈၀၅၁)ထံမှ ကျွန်မ ဒေါ်အေမီခိုင် (၁၄/ဇလန(နိုင်)၀၉၁၄၄၄) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထက်ပါမြေနှင့်အကျိုးခံစားခွင့်တို့နှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေမီခိုင် ၁၄/ဇလန(နိုင်)၀၉၁၄၄၄
အမှတ်(၁၃၈၀)၊ သစ္စာလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၆၉၅၈၃၃၂၅၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၆၈၂) ဟုခေါ်တွင်သော မြေအလျားx အနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးဘဝင်း (၁၂/ဒပန(နိုင်)၀၁၅၂၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးတင်ဝင်းကြိုင် (၅/ပလန(နိုင်)၀၆၆၉၃၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လှမျိုးသွယ် (၁၂/ခရန(နိုင်)၁၁၅၀၉၈ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင် စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

| | | |
|---|---|---|
| ဦးဝင်းသူရဇော် (LL.B) | ဒေါ်ယမင်းထွေး (LL.B) | ဦးရဲသီဟ (LL.B) |
| အထက်တန်းရှေ့နေ(စဉ်–၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်–၅၆၃၆၆) |

အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
ဖုန်း–၀၉–၇၇၂၇၇၇၇၁၂၊ ၀၉ –၄၅၆၉၉၆၇၇၆၊ ၀၉– ၉၇၃၀၀၂၁၁၇

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ မင်းတပ်(၅)လမ်း၊ မြေကွက်အမှတ်(၁၁၀၀ / ခ)၊ မြေပေအကျယ်အဝန်း(၂၀x၆၀)ရှိ ဒေါ်အေးမြင့်ခိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့် ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့်လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသူ ဒေါ်အေးအေးရီ (၁၂/ဥကတ(နိုင်)၀၅၁၉၉၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဆွေမော် (၁၂/ဥကတ(နိုင်)၁၃၉၄၇၁)က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခဲ့ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ–
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ် – ၉၉၃၉)
အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၄၃၀၆၆၁၆၄၊ ၀၉–၇၉၆၆၀၀၂၁၇

## အမည်ပြောင်း

တောင်ကြီးမြို့၊ အ.ထ.က (၁)၊ Grade–6(C) မှ မပြည့်ဖူးသက်ငုံအား ယနေ့မှစ၍ မအိမ့်ရွှေရည်ခေတ်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

တောင်ကြီးမြို့၊ အ.ထ.က (၁)၊ Grade–6(A)မှ မောင်ခန့်မင်းထက်အား ယနေ့မှစ၍ မောင်ခန့်ထူးထက်ဟုပြောင်းလဲခေါ်ပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ အကွက်အမှတ် (၆၁၆/၄)၊ ဦးပိုင်အမှတ် (၆၆)၊ အာဆီယံလမ်းနှင့် မဂ္ဂင်လမ်းကြားရှိ မြေကွက်တွင် အစဉ်တစိုက်နေထိုင်သော ဦးသန်းဇော်ဝင်း ၉/အမရ(နိုင်)၁၁၃၈၀၄၊ ဒေါ်သီသီနိုင် ၉/အမရ(နိုင်)၁၇၂၉၃၉တို့က အမှုတွဲအမှတ် (၁၀၉၃/၂၀၂၆–၂၀၂၇)ဖြင့် ဂရန်သစ်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## မွေးသက္ကရာဇ်မှန်၊ ဖခင်အမည်မှန်

ဆီဆိုင်မြို့နယ်၊ အ.ထ.က–နောင်မွန်၊ Grade 11 မှ ခွန်လဆန်း (၁၃/ဆဆန(နိုင်)၁၆၁၄၉၄) ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁–၅–၂၀၀၇)ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးခွန်တမောင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အ.ထ.က(၁)၊ Grade–9 မှ မောင်ဇော်မျိုးထွဋ်၏ ဖခင်အမည်မှန်မှာ ဦးဇော်လှိုင် (၉/သစန(နိုင်)၁၅၁၆၁၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကွင်း/အကွက် အမှတ်နှင့်အမည်–၆၅၅/ဒိုးပင်၊ ဦးပိုင်အမှတ်–၂၃၊ မြေဧရိယာ (၄.၁၄)ဧကရှိ မြေကွက်သည် ဦးသိန်းဇော် အမည်ပေါက်ပိုင်ဆိုင်ပြီး ဦးသိန်းဇော်သည် (၆–၄–၂၀၂၂) ရက်တွင် ကွယ်လွန်သွားပါသည်။ ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဝင်းဝင်းခိုင်မှ အမည်ပြောင်း လျှောက်ထားမည်ဖြစ်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းခိုင် ၉/မမန(နိုင်)၀၆၅၀၉၈
အောင်ချမ်းသာကျေးရွာ၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/2502 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ် ပျောက်ဆုံး၍ လျှောက်ထားပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွှာသာကြီး)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၁) ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ်(၄၂၈/က)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား မြေကွက်ကို မြေအမည်ပေါက်သူ ဦးတင်မြင့်(၁၂/ဥကမ(နိုင်)၂၂၂၆၄၀)က ၎င်းပိုင်ဆိုင်သော အလျား(၄၀)ပေXအနံပေ(၆၀)မြေကွက်အနက်မှ ခြေရင်းခြမ်း အလျား(၂၀)ပေXအနံ(၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၁)ထပ် နေအိမ်တစ်လုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အဆိုပါမြေကွက်နှင့်နေအိမ်ကို အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ရာ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါ မြေကွက်နှင့်နေအိမ်အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဒေါ်ငြိမ်းငြိမ်းနိုင်(၁၁/မပန(နိုင်)၀၆၂၅၁၁)၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အေးမြသီတာ(LL.B, D.B.L, D.I.L) ၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၀၉၁)
အမှတ်(၇၂၇)၊ ခေမာသီလမ်းမကြီး၊ (က) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း–၀၉– ၄၂၁၁၅၂၄၃၂

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses၊ မြေနှင့်အဆောက်အအုံအမှတ်(၃၈၆)၊ လမ်းအမည် (Lane–6)၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်း အဆောက်အအုံဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးလှငွေး (၁၂/ကတတ(နိုင်) ၀၁၀၃၈၀)တို့ထံမှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နွယ်နီမျိုးမြင့်
၁၂/တမန(နိုင်)၀၅၇၇၇၁
ဖုန်း–၀၉–၇၉၅၉၆၃၁၄၅

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ နောင်လှိုင်လမ်း၊ အရှေ့(၅၀)ပေ၊ အနောက်ပေ(၅၀)၊ တောင်ပေ(၁၀၀)၊ မြောက်ပေ(၁၀၀)၊ အကွက်အမှတ်(A–4)(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ) မြေနှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးဇော်မျိုးအောင်(၉/မနမ(နိုင်)၁၁၂၄၇၁) တို့ထံမှ ဒေါ်သူဇာလှိုင် (၁၂/လမန(နိုင်)၀၀၂၄၂၅) က (အရပ်ကတိစာချုပ်)ဖြင့် စရန်ငွေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ– |
| ဒေါ်သူဇာလှိုင် | ဦးနေမျိုးဇော် (LL.B, D B.L) |
| ၁၂/လမန(နိုင်)၀၀၂၄၂၅ | တရားလွှတ်တော်ရှေ့နေ |
| | ရပ်ကွက်ကြီး(၁)၊ယူဂိုစလပ် ပြင်ဦးလွင်မြို့ |

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အ.မ.က(၁၀) ၂၀၂၅–၂၀၂၆ ပညာသင်နှစ်၊ Grade–3 အောင်မြင်ခဲ့သော ဦးမိုးမင်းသူ ၆/ထဝန(နိုင်) ၀၉၇၉၃၀ ၏သမီး နော်ရေဗက္ကာမိုးမင်းသူ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၃–၁၁–၂၀၁၃) ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်

ဆီဆိုင်မြို့၊ ဘုရားဖြူရွာနေ (ဘ) ခွန်မောင်ဆော်၏ သမီး နန်းဖြိုးဖြိုးဝင်း(၁၃/ဆဆန(နိုင်)၁၀၁၀၃၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MK–125438) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၉၈၃၉၉၇၅

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

